မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၂ ခုနှစ်၊ တပေါင်းလဆန်း ၅ ရက်၊ ၂၀၁၁ ခုနှစ်၊ မတ် ၉ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ (၅၀)၊ အမှတ် (၁၆၀)

နိုင်ငံရေး ဦးတည်ချက်(၄)ရပ်

- ✱ နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- ✱ အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ✱ ခိုင်မာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ✱ ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက်(၄)ရပ်

- ✱ စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ✱ ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး
- ✱ ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
- ✱ နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက်(၄)ရပ်

- ✱ တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- ✱ အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- ✱ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- ✱ တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ (၄၈)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ပြပွဲအကြိုခင်းကျင်းပြသထားမှု ကြည့်ရှုစစ်ဆေး

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ မဏိရတနာကျောက်စိမ်းခန်းမ ပထမထပ်၌ ခင်းကျင်းပြသထားသည့် အရည်အသွေးကောင်း ကျောက်စိမ်းအတွဲများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နေပြည်တော် မတ် ၈

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ယနေ့နံနက်ပိုင်းတွင် (၄၈)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ပြပွဲအကြိုခင်းကျင်းပြသထားမှုကို ကြည့်ရှုစစ်ဆေးသည်။

ကြိုဆို

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် နံနက် ၉ နာရီခွဲတွင် (၄၈)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ကျင်းပမည့် နေပြည်တော် မဏိရတနာကျောက်စိမ်းခန်းမအနီးရှိ ကျောက်စိမ်းဥယျာဉ်သို့ ရောက်ရှိလာရာ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် သူရဦးရွှေမန်း၊ နိုင်ငံတော်ဝန်ကြီးချုပ် ဦးသိန်းစိန်၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) သီဟသူရဦးတင်အောင်မြင့်ဦး၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဦးတင်အေး၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်ကြီးမင်းအောင်လှိုင်၊ (၄၈)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ပြပွဲကျင်းပရေးဗဟိုကော်မတီ နာယကအဖွဲ့ဝင်များဖြစ်ကြသော နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်မောင်မောင်အေးနှင့် သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဦးအုန်းမြင့်၊ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ပြပွဲကျင်းပရေးဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌများ၊ အတွင်းရေးမှူးနှင့် ဗဟိုကော်မတီဝင်များ၊ ပြပွဲဆပ်ကော်မတီများမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံကျောက်မျက်ရတနာလုပ်ငန်းရှင်များအသင်း နာယက ဦးအောင်ကိုဝင်း၊ ဥက္ကဋ္ဌ ဦးတေဇနှင့် အလုပ်အမှုဆောင်များက ကြိုဆိုကြသည်။ *စာမျက်နှာ ၃ ကော်လံ ၁* ●

(၄၈)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို မတ် ၁၀ ရက်မှ ၂၂ ရက်အထိ နေပြည်တော် မဏိရတနာ ကျောက်စိမ်းခန်းမ၌ ကျင်းပသွားမည်ဖြစ်ပြီး ကျောက်စိမ်းအတွဲ (၁၆၉၃၉)တွဲ၊ ကျောက်မျက်အတွဲ(၂၀၆)တွဲ၊ ပုလဲအတွဲ(၂၅၅)တွဲ ပြသရောင်းချသွားမည်။

မြန်မာ့အလင်း

အယ်ဒီတာ့ အာဘော်

(၂၀၁၁ ခုနှစ် မတ် ၉ ရက်)

ဖွံ့ဖြိုးမှုအခြေခံကောင်းများ ရေရှည်တည်တံ့ရေး ထိန်းသိမ်းဆောင်ရွက်

လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်မှုသည် ဒေသတစ်ခု၊ နယ်မြေတစ်ခု ဖွံ့ဖြိုးတိုးတက်ရေးအတွက် အခြေခံကျသည့် လိုအပ်ချက်ဖြစ်သဖြင့် နိုင်ငံတော်အစိုးရသည် တိုင်းဒေသကြီးနှင့် ပြည်နယ်အနှံ့တွင် လမ်းများ၊ တံတားများကို တည်ဆောက်ပေးလျက်ရှိသည်။

ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် မန္တလေးတိုင်းဒေသကြီးအတွက်သာမက ပြည်ထောင်စုတစ်ဝန်းလုံးအတွက် ဂုဏ်ယူဖွယ်တံတားတစ်စင်းဖြစ်သည့် သီပေါတံတားသစ်ဖွင့်ပွဲကို မတ်လ ၆ ရက်နေ့က ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ်ရှိ အဆိုပါတံတားအနီး၌ ကျင်းပခဲ့သည်။

ယင်းတံတားကြီး တည်ဆောက်ဖွင့်လှစ်နိုင်ခြင်းအတွက် ခရီးသွားပြည်သူများ၊ လူစီးနှင့်ကုန်စည်ပို့ဆောင်မည့် ယာဉ်ကြီး၊ ယာဉ်ငယ်များ အလွယ်တကူချောမွေ့စွာ သွားလာနိုင်ကြပြီဖြစ်သည်။ ရှမ်းပြည်နယ်(မြောက်ပိုင်း)သာမက အခြားတိုင်းဒေသကြီး၊ ပြည်နယ်များအထိ ယာဉ်များအလွယ်တကူ သွားလာနိုင်ပြီဖြစ်၍ ဒေသထွက်ကုန်ပစ္စည်းများကို ပြည်တွင်း၊ ပြည်ပသို့ တင်ပို့ရောင်းချရာ၌ လွယ်ကူမြန်ဆန်လာတော့မည်ဖြစ်သည်။

ယင်းတံတားသစ် မတည်ဆောက်မီက နေ့စဉ် ဖြတ်သန်းသွားလာနေသော ကုန်တင်ယာဉ်ကြီး၊ ယာဉ်ငယ်များ၏ အလေးချိန်ကြောင့် မကြာခဏ ပျက်စီးယိုယွင်းမှုများ ကြုံတွေ့ခဲ့ရသည်။ ညအိပ်ရပ်နားစောင့်ဆိုင်းမှုများလည်း ကြုံတွေ့ခဲ့ရပေသည်။ ယခုအခါ နှစ်လမ်းသွား သီပေါတံတားသစ်ကြောင့် ယာဉ်များစောင့်ဆိုင်းရန်မလိုဘဲ လွယ်ကူစွာသွားလာနိုင်ပြီး ကုန်စည်စီးဆင်းမှုများ ပိုမိုလျင်မြန် လွယ်ကူစေတော့မည်ဖြစ်သည်။

သီပေါတံတားသည် ရှမ်းပြည်နယ်(မြောက်ပိုင်း) သီပေါမြို့နယ် မန္တလေး-လားရှိုးလမ်း မိုင်တိုင်အမှတ် (၁၃၀/၃) နှင့် (၁၃၀/၄) အကြား၌ တည်ရှိသည်။ တံတားအမျိုးအစားမှာ သံကူကွန်ကရစ်သံမဏိသံပေါင်တံတား အမျိုးအစားဖြစ်ပြီး တံတားအရှည် ၅၆၉ ပေရှိသည်။ ယာဉ်သွားလမ်းအကျယ် ၂၈ ပေ၊ တစ်ဖက်လျှင် လူသွားလမ်းအကျယ် ၅ ပေစီပါရှိသည့် တံတားဖြစ်သည်။ တံတား၏ ယာဉ်တစ်စီးချင်းခံနိုင်ဝန် တန် ၆၀ ဖြစ်သည်။

နိုင်ငံတော်အစိုးရသည် ငွေကြေးအမြောက်အမြား အကုန်အကျခံပြီး ဖွံ့ဖြိုးမှုအခြေခံကောင်းများဖြစ်သော လမ်းနှင့်တံတားများကို တစ်နိုင်ငံလုံး နယ်စပ်ဒေသပါမကျန် ဖောက်လုပ်တည်ဆောက်ပေးလျက်ရှိရာ ပြည်သူလူထုများအပိုင်းကလည်း အဆိုပါ ဖွံ့ဖြိုးမှုအခြေခံကောင်းများ ရေရှည်တည်တံ့ရေးအတွက် ထိန်းသိမ်းစောင့်ရှောက်သွားကြရန် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

မြန်မာ-မလေးရှား စီးပွားရေးလုပ်ငန်းရှင်များ တွေ့ဆုံဆွေးနွေးမည်

ရန်ကုန် မတ် ၈

မလေးရှားနိုင်ငံ Tan Chong Group ၏ ဦးဆောင်မှုဖြင့် မလေးရှားစီးပွားရေးလုပ်ငန်းရှင်များ ပါဝင်သော ကိုယ်စားလှယ်အဖွဲ့သည် မြန်မာနိုင်ငံသို့လာရောက်၍ ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်နှင့် ပူးပေါင်းပြီး မြန်မာ-မလေးရှား စီးပွားရေးလုပ်ငန်းများအလိုက် တွေ့ဆုံဆွေးနွေးပွဲကို မတ် ၁၀ ရက် နံနက်ပိုင်းတွင် အသင်းချုပ်ရုံး၌ ကျင်းပမည်ဖြစ်သည်။

တွေ့ဆုံဆွေးနွေးမည်

နှစ်ဖက်စီးပွားရေး လုပ်ငန်းရှင်များတွေ့ဆုံပွဲတွင် မလေးရှားစီးပွားရေးလုပ်ငန်းရှင်များသည် စက်မှုလုပ်ငန်းသုံးပစ္စည်းများ ထုတ်လုပ်မှုလုပ်ငန်း၊ မော်တော်ယာဉ်နှင့် မော်တော်ယာဉ်အပိုပစ္စည်း ထုတ်လုပ်မှုလုပ်ငန်း၊ မော်တော်ယာဉ်ထုတ်လုပ်မှု ဈေးကွက်ဖြန့်ဖြူးရေးအဆင့်ဆင့် နည်းပညာဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်း၊ အလူမီနီယံထုတ်လုပ်မှုလုပ်ငန်း၊ မော်တော်ယာဉ် ထုတ်လုပ်မှုဆိုင်ရာ သုတေသန၊ နည်းပညာနှင့် ဝန်ဆောင်မှုလုပ်ငန်း၊ လယ်ယာစိုက်ပျိုးရေးသုံးနှင့် ဆောက်လုပ်ရေးသုံး စက်ပစ္စည်းများလုပ်ငန်း၊ ခရီးသွားလုပ်ငန်း၊ အထည်ချုပ်လုပ်ငန်းများကို အကျိုးတူ ပူးပေါင်းဆောင်ရွက်ရန်နှင့် ရောင်းဝယ်မှုပြုလုပ်နိုင်ရန် တွေ့ဆုံဆွေးနွေးကြမည်ဖြစ်ရာ တွေ့ဆုံဆွေးနွေးပွဲသို့ ပါဝင်တက်ရောက်ရန် စိတ်ဝင်စားသည့် မြန်မာစီးပွားရေးလုပ်ငန်းရှင်များသည် ကုန်သည်/စက်မှုအသင်းချုပ် (နိုင်ငံတကာဆက်ဆံရေးဌာန)သို့ လူကိုယ်တိုင်သော်လည်းကောင်း၊ ဖုန်း-၂၁၄၃၄၄မှ ၄၉ အထိသို့ လည်းကောင်း ဆက်သွယ်မေးမြန်းစာရင်းပေးသွင်းနိုင်ကြောင်း သိရှိရသည်။

(ကုန်သည်/စက်မှုအသင်းချုပ်)

ဓနုဖြူ အမက(၁)မင်းပိုင်းရပ် အာစရိယပူဇော်ပွဲ ကျင်းပမည်

ဓနုဖြူ မတ် ၈

ဓနုဖြူမြို့ အမှတ်(၁)အခြေခံပညာမူလတန်းကျောင်း မင်းပိုင်းရပ်၏ ပထမအကြိမ် အာစရိယပူဇော်ပွဲကို ဧပြီ ၃ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁ နာရီတွင် အဆိုပါကျောင်း၌ ကျင်းပမည်ဖြစ်ရာ အသက်(၆၀)ပြည့် အငြိမ်းစား၊ အဝေးရောက် ဆရာ ဆရာမကြီးများနှင့် ကျောင်းသားဟောင်းများ တက်ရောက်နိုင်ရန်နှင့် ပါဝင်လှူဒါန်းလိုပါက ဦးညွန့်လွင် ဦးစီးအရာရှိ၊ ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန(ဓနုဖြူ) ဖုန်း-၀၉-၈၅၃၄၉၂၀၊ ဦးဝင်းဦး (ဓနုဖြူ) ဖုန်း-၀၉-၈၅၃၄၇၆၅၊ ဒေါ်နီနီကျော် (ဓနုဖြူ) ဖုန်း-၀၉-၈၅၃၄၅၄၁၊ ဒေါ်တင်တင်ခိုင်(ဓနုဖြူ) ဖုန်း-၀၉-၄၉၂၅၃၃၉၈ နှင့် ဦးဝင်းမင်းထွန်း (ကောင်းမြတ်ကဖီး) ဖုန်း-၀၉-၄၉၇၀၀၅၈၆ တို့ထံသို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရှိရသည်။ (မြန်မာ့အလင်း)

ငါးလုပ်ငန်းစီမံခန့်ခွဲမှုဆိုင်ရာသင်တန်းဖွင့်

မြိတ် မတ် ၈

မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန တနင်္သာရီတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနနှင့် အရှေ့တောင်အာရှ ငါးလုပ်ငန်းဖွံ့ဖြိုးရေးဗဟိုဌာန (SEAFDEC)၊ ဆွီဒင်နိုင်ငံတကာဖွံ့ဖြိုးရေးအေဂျင်စီ (Sida)၊ဘင်္ဂလားပင်လယ်အော် ဂေဟစနစ်ကြီးစီမံကိန်း BOBLME တို့ ပူးပေါင်းကျင်းပသည့် ငါးလုပ်ငန်းဂေဟစနစ် ပေါင်းစည်းဆောင်ရွက်သည့် ငါးလုပ်ငန်းစီမံခန့်ခွဲမှုဆိုင်ရာ သင်တန်းဖွင့်ပွဲကို မတ် ၃ ရက် နံနက်ပိုင်းက တနင်္သာရီတိုင်းဒေသကြီး မြိတ်ဟိုတယ်ခန်းမဆောင်၌ ကျင်းပရာ အခမ်းအနားတွင် ငါးလုပ်ငန်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်မျိုးဝင်းနှင့် မြိတ်ခရိုင်ဥက္ကဋ္ဌတို့က သင်တန်းဖွင့် အမှာစကားပြောကြားပြီး တာဝန်ရှိသူများက ငါးလုပ်ငန်းဂေဟစနစ် ပူးပေါင်းဆောင်ရွက်ရေး သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်များရှင်းလင်းပြောကြားသည်။ **(အောက်ပုံ)**

တက်ရောက်

အဆိုပါ သင်တန်းဖွင့်ပွဲသို့ SEAFDEC / Sida Project မှ တာဝန်ရှိသူများ၊ ထိုင်းနိုင်ငံနှင့် ငါးလုပ်ငန်းဦးစီးဌာန၊ သစ်တောဦးစီးဌာန၊ တနင်္သာရီတိုင်းဒေသကြီး ငါးလုပ်ငန်းအဖွဲ့ချုပ်၊ ရေလုပ်ငန်းရှင်များ၊ မြိတ်တက္ကသိုလ်မှ ဆရာဆရာမများနှင့် သင်တန်းသား ၄၃ ဦး တက်ရောက်ခဲ့ကြကြောင်း သိရှိရသည်။

(ငါးလုပ်ငန်းဦးစီးဌာန)

လှည်းကူးမြို့နယ်၌ ထွန်းတောက်ကြယ်စာကြည့်တိုက်ဖွင့် စာအုပ်စာစောင်များနှင့် မီဒီယာပစ္စည်းများလှူဒါန်း

လှည်းကူး မတ် ၈

ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ပြည်တော်သာရပ်ကွက် ထွန်းတောက်ကြယ် စာကြည့်တိုက်ဖွင့်ပွဲနှင့် စာအုပ်စာစောင်၊ မီဒီယာပစ္စည်းများ လှူဒါန်းပွဲကို မတ် ၅ ရက် နံနက် ၈ နာရီက အဆိုပါစာကြည့်တိုက်ရှေ့၌ကျင်းပရာ စာကြည့်တိုက်ကို ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးနေလင်းနှင့် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်ဖြူဖြူတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

လက်ခံယူ

ထို့နောက် စာကြည့်တိုက်အတွက် ငွေကျပ် တစ်သိန်းနှစ်သောင်းတန်ဖိုးရှိ ၂၁ လက်မ ရောင်စုံတီဗွီနှင့် အီးဗွီဒီစက်ကို ခရိုင်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးနေလင်းကလည်းကောင်း၊ ငွေကျပ် နှစ်သောင်းတန်ဖိုးရှိ စာအုပ်စာစောင်မျိုးစုံ အုပ်ရေ ၁၀၀ ကို မြို့နယ်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးအောင်ကိုကလည်းကောင်း၊ ဂျာနယ်မျိုးစုံ ၁၀၀ ကို မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်စုစုလှိုင်ကလည်းကောင်း လှူဒါန်းရာ ရပ်ကွက်ဥက္ကဋ္ဌ ဦးထွန်းထွန်းဦးနှင့် ရပ်မိရပ်ဖများက လက်ခံယူခဲ့ကြောင်း သိရှိရသည်။ **(အပေါ်ပုံ)** **(မြို့နယ် ပြန်/ဆက်)**

တစ်ချက်တည်း ကျင်းဝင်

မိုးကောင်း မတ် ၈

ဦးဝင်းနိုင် (မြို့နယ်စည်ပင်)သည် ကစားဖော်များဖြစ်ကြသော နယ်မြေခံတပ်နယ်မှ ဒုတိယဗိုလ်မှူးကြီး အောင်ဇေယျာလင်း၊ မြို့နယ်ဥက္ကဋ္ဌ ဦးခင်မောင်လင်း၊ ဦးရဲထူး (မြို့နယ်အား/ကာ)၊ ဦးမင်းမင်းဇော် (မြို့နယ်စက်မှုလယ်ယာ)တို့နှင့်အတူ မတ် ၂ ရက် (တောင်သူလယ်သမားနေ့)က မိုးကောင်းမြို့ အောင်မြေရတနာ ဂေါက်ကွင်း၌ ကစားခဲ့ရာ ကျင်းအမှတ်(၅)ကို ၁၇၄ ကိုက် အကွာအဝေး မှ Wood (3) Majesty တုတ်ဖြင့် ရိုက်ရာ တစ်ချက်တည်း ကျင်းဝင်ခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ကွင်းဆင်းစစ်ဆေး

မောင်တောမြို့နယ် စည်ပင်သာယာရေးအဖွဲ့က မောင်တောမြို့မဈေး မီးဘေးလုံခြုံရေးအတွက် ဆောင်ရွက်လျက်ရှိသည့် မီးသတ်အုတ်ရေလှောင်ကန်ကို အငယ်တန်းအင်ဂျင်နီယာ-၂ ဦးအောင်ထွန်းနှင့်အဖွဲ့ တည်ဆောက်လျက်ရှိရာ မတ် ၃ ရက်က တာဝန်ခံအင်ဂျင်နီယာ ဦးသိန်းကျော် ကွင်းဆင်းစစ်ဆေး ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ခြင်ဆေးမီးပွား သတိမထားက စီးပွားဥစ္စာ ကုန်လိမ့်မည်

● ***ရှေ့ဖုံးမှ***

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် မဏိရတနာကျောက်စိမ်းခန်းမ အနီးရှိ ကျောက်စိမ်းဥယျာဉ်အတွင်း မြန်မာ့တွင်းထွက် ကျောက်စိမ်းအရိုင်းတုံးများ၊ ပန်းအလှပင်များနှင့် ရေပန်းများဖြင့် ပေါင်းစပ်အလှဆင်ထားမှုကို မော်တော်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ရှင်းလင်းတင်ပြ

ယင်းနောက်ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် မဏိရတနာကျောက်စိမ်းခန်းမ ဧည့်ခန်းမသို့ရောက်ရှိပြီး မဏိရတနာကျောက်စိမ်းခန်းမ ပထမထပ်မှနေ၍ ပြပွဲခန်းမ မြေညီထပ်၌ ပြပွဲအကြိုစီစဉ်ခင်းကျင်းထားမှု အခြေအနေကို ကြည့်ရှုစစ်ဆေးရာ (၄၈)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲ ပြပွဲကျင်းပရေးဗဟိုကော်မတီ နာယက သတ္တုတွင်းဝန်ကြီးဌာန ဝန်ကြီး ဦးအုန်းမြင့်က ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် မဏိရတနာကျောက်စိမ်းခန်းမ ပထမထပ်၌ ခင်းကျင်းပြသထားသည့် အရည်အသွေးကောင်း ကျောက်စိမ်းအတွဲများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ကျောက်စိမ်းအတွဲများ ကြည့်ရှုစစ်ဆေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးသန်းရွှေ မဏိရတနာ ကျောက်စိမ်းခန်းမ ပထမထပ်၌ ခင်းကျင်းပြသထားသည့် အရည်အသွေးကောင်း ကျောက်စိမ်းအတွဲများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ကြည့်ရှု

ထို့နောက် မဏိရတနာကျောက်စိမ်းခန်းမ ပထမထပ်တွင် ဗိုလ်ချုပ်မှူးကြီးနှင့်အဖွဲ့သည် မြန်မာ့ကျောက်မျက်ရတနာပြပွဲများ၊ ၂၀၁၀ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲကို နေပြည်တော်၌ ပထမအကြိမ် အောင်မြင်စွာကျင်းပခဲ့မှု ဗီဒီယိုမှတ်တမ်း၊ မြန်မာ့ကျောက်မျက်ရတနာပြတိုက်၊ ကျောက်စိမ်းဥယျာဉ်နှင့် မဏိရတနာကျောက်စိမ်းခန်းမ တည်ဆောက်ခဲ့မှု ဗီဒီယိုမှတ်တမ်းများနှင့် ရှင်းလင်းတင်ပြမှုကို ကြည့်ရှုကြသည်။

လမ်းညွှန်မှာကြား

ဆက်လက်၍ ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် မဏိရတနာကျောက်စိမ်းခန်းမ ပထမထပ်မှနေ၍ မဏိရတနာကျောက်စိမ်းခန်းမအနီး၌ ခင်းကျင်းပြသထားသည့် ကျောက်စိမ်းအတွဲများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ထို့နောက် ဗိုလ်ချုပ်မှူးကြီးသည် မဏိရတနာကျောက်စိမ်းခန်းမမှ နံနက် ၁၀ နာရီ မိနစ် ၂၀ တွင် ပြန်လည်ထွက်ခွာသွားသည်။

ပြသရောင်းချ

(၄၈)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပြပွဲကို မတ် ၁၀ ရက်မှ ၂၂ ရက်အထိ နေပြည်တော် မဏိရတနာ ကျောက်စိမ်းခန်းမ၌ ကျင်းပသွားမည်ဖြစ်ပြီး ကျောက်စိမ်းအတွဲ (၁၆၉၃၉) တွဲ၊ ကျောက်မျက်အတွဲ (၂၀၆) တွဲ၊ ပုလဲအတွဲ (၂၅၅) တွဲ ပြသရောင်းချသွားမည်ဖြစ်သည်။

ဖိတ်ကြား

အဆိုပါပြပွဲသို့ နိုင်ငံပေါင်း ၂၀ မှ ကျောက်မျက်ရတနာကုန်သည် ၅၀၀၀ ကျော်ကို ဖိတ်ကြားထားပြီး နိုင်ငံပေါင်း ၁၀ နိုင်ငံမှ ကျောက်မျက်ရတနာကုန်သည် ၄၀၀၀ ခန့် လာရောက်ကြမည်ဖြစ်ကြောင်း သိရှိရသည်။

(သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြား အစီအစဉ်

၉-၃-၂၀၁၁ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၇:၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
- ၇:၁၀ ၂။ အဂ္ဂိဇယမင်္ဂလာ (ယဉ်ဝေယံထွန်း၊ တေးရေး-ဂီတစာဆို မျိုးနွယ်ဆွေ)
- ၇:၂၅ ၃။ ကျန်းမာဖို့အတူကစားစို့
- ၇:၃၀ ၄။ နံနက်ခင်းသတင်း
- ၇:၄၀ ၅။ သံသာချိုအေး မင်္ဂလာတေး
- ၇:၅၅ ၆။ **သက်ရှည်ကျန်းမာ လေ့ကျင့်ပါ**
- ၈:၀၅ ၇။ မြူးမြူးကြွကြွ ယဉ်ကျေးမှုအက
- ၈:၁၅ ၈။ ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအက
- ၈:၂၅ ၉။ **ချစ်လွန်းလို့**
- ၈:၃၀ ၁၀။ (၆၆)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုအစီအစဉ်
- ၈:၄၀ ၁၁။ International News
- ၈:၄၅ ၁၂။ တေးဂီတအစီအစဉ်
- ၉:၀၀ ၁၃။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၃:၄၅ ၁။ **(၂၀၁၂) လန်ဒန်အိုလံပစ်ပြိုင်ပွဲ၊ အာရှဇုန်ပထမအဆင့် ခြေစစ်ပွဲ ဒုတိယအကျော့ ဘောလုံးပြိုင်ပွဲ တိုက်ရိုက်ထုတ်လွှင့်မှု အစီအစဉ် (မြန်မာအိုလံပစ် လက်ရွေးစင်အသင်းနှင့် အိန္ဒိယအိုလံပစ် လက်ရွေးစင်အသင်း)**
- ၅:၄၅ ၂။ တေးဂီတအစီအစဉ်
- ၆:၀၀ ၃။ ညနေခင်းသတင်း
- ၆:၁၅ ၄။ မိုးလေဝသအခြေအနေ
- ၆:၂၀ ၅။ မြန်မာ့ဓလေ့ ရိုးရာလက်ဖွဲ့
- ၆:၄၅ ၆။ ရွှေရင်ခုန်သံ
- ၇:၁၅ ၇။ ရသပေါ်လွင် သရုပ်ဆောင်လွှင်ပြင်
- ၇:၄၅ ၈။ အလင်္ကာဝတ်ရည် မြန်မာမှုတေးဂီတအဖွဲ့ ဖျော်ဖြေခန်း
- ၈:၀၀ ၉။ ပြည်တွင်းသတင်း
- ၁၀။ နိုင်ငံတကာသတင်းများ
- ၁၁။ မိုးလေဝသအခြေအနေ
- ၁၂။ **ပျော်ရွှင်ရင်ခုန်ပြကွက်စုံ** (အပိုင်း-၁၆)
- ၁၃။ နိုင်ငံခြားဇာတ်လမ်းတွဲ **သစ္စာလွှမ်းသောမေတ္တာ** (အပိုင်း-၄၂)
- ၁၄။ မြန်မာဗီဒီယိုဇာတ်လမ်း **မျက်စိတစ်မှိတ်** မင်းမော်ကွန်း၊ နန္ဒ၊ နန္ဒာလှိုင် (ဒါရိုက်တာ-အောင်ဗပါဝါ)
- ၁၅။ အစီအစဉ်ပြီး၏။

ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ဧည့်သည်တော်များ Junction Centre အတွင်းရှိ ဆိုင်ခန်းများကို ကြည့်ရှုအားပေးကြစဉ်။ (သတင်းစဉ်)

Junction Centre Nay Pyi Taw တိုးချဲ့ဖွင့်လှစ်

အထပ်သုံးထပ်ပါဝင်ပြီး ဆိုင်ခန်းပေါင်း (၄၇)ခန်း ပါဝင်

နေပြည်တော် မတ် ၈

နေပြည်တော် ဟိုတယ်ဇုန်ရှေ့ ရာဇသင်္ဂဟလမ်းမပေါ်ရှိ Junction Centre Nay Pyi Taw တိုးချဲ့ဖွင့်လှစ်ခြင်း ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် အဆိုပါ တိုးချဲ့ဆောင် မျက်နှာစာရှေ့၌ ကျင်းပသည်။

တက်ရောက်

ဖွင့်ပွဲအခမ်းအနားသို့ အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ၊ Junction Centre အုပ်ချုပ်မှုဒါရိုက်တာနှင့် ဝန်ထမ်းများ တက်ရောက်ကြသည်။

ရှေးဦးစွာ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဦးတင်နိုင်သိန်း၊ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးဦးကျော်ဆန်းနှင့် Junction Centre အုပ်ချုပ်မှုဒါရိုက်တာ ဦးအောင်ဇော်နိုင်တို့က တိုးချဲ့အဆောက်အအုံကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး နေပြည်တော်မြို့တော်ဝန် ဦးသိန်းညွန့်က Junction Centre Nay Pyi Taw တိုးချဲ့ အဆောက်အအုံ ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

ကြည့်ရှုအားပေး

ထို့နောက် ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်လာကြသည့် အစိုးရအဖွဲ့ အဖွဲ့ဝင်ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များသည် Junction Centre အတွင်းရှိ ဆိုင်ခန်းများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ယခုဖွင့်လှစ်သည့် Junction Centre Nay Pyi Taw တိုးချဲ့အဆောက်အအုံသည် ဧရိယာ စတုရန်းပေ ၄၀၀၀၀ ကျယ်ဝန်း၍ အထပ်သုံးထပ် ပါဝင်ပြီး ကုန်ပစ္စည်းအမျိုးအစားပေါင်း ၅၀ ကျော်ကို စုံလင်စွာ ရောင်းချမည့် ဆိုင်ခန်းပေါင်း ၄၇ခန်း ပါဝင်သည်။

ပါဝင်

ပထမထပ်တွင် European Style, Chinese Style, Thai Style, မြန်မာတိုင်းရင်းသားစားသောက်ဆိုင်နှင့် Bakery & Cafe Shop တို့ပါဝင်၍ ဒုတိယထပ်တွင် Luxury & Premium Fashion, Silk Wear, Shoes & Bags, Glasses & Watches, Jewelry, Perfume, Cosmetic and Fashion Accessories တို့ပါဝင်ပြီး တတိယထပ်တွင် Lady Fashion, Men Fashion, Kid Fashion & Toy and Service Shops (Wedding & Photo Studio, Spa, Phone/ IT Accessories and Game Centre) တို့ ပါဝင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ဝန်ကြီး ဦးတင်နိုင်သိန်း၊ ဝန်ကြီးဦးကျော်ဆန်းနှင့် Junction Centre အုပ်ချုပ်မှု ဒါရိုက်တာ ဦးအောင်ဇော်နိုင်တို့ Junction Centre Nay Pyi Taw တိုးချဲ့အဆောက်အအုံကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

ဖွင့်လှစ်

ဝန်ကြီးဦးသိန်းညွန့် Junction Centre Nay Pyi Taw တိုးချဲ့ အဆောက်အအုံဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။ (သတင်းစဉ်)

Junction Centre

နေပြည်တော် ဟိုတယ်ဇုန်ရှေ့ ရာဇသင်္ဂဟလမ်းမပေါ်ရှိ Junction Centre Nay Pyi Taw ကို တွေ့ရစဉ်။ (သတင်းစဉ်)

နေပြည်တော်ရှိ ဝန်ထမ်းအိမ်ရာနှင့် အဆောက်များ ဝန်ကြီးဦးစိုးသိန်း ကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၈

အမှတ်(၂) စက်မှုဝန်ကြီးဌာန ဝန်ကြီး ဦးစိုးသိန်းသည် ယနေ့ နံနက် ၇ နာရီခွဲတွင် နေပြည်တော်ခရိုင် ဇမ္ဗူသီရိမြို့နယ် ဘောဂသိဒ္ဓိရပ်ကွက်ရှိ အမှတ်(၂) စက်မှုဝန်ကြီးဌာနမှ အရာထမ်းအဆောင်များ၊ ဓနသိဒ္ဓိရပ်ကွက်နှင့် ဝဏ္ဏသိဒ္ဓိရပ်ကွက်တို့ရှိ ဝန်ထမ်းအိမ်ရာများ၊ စိုက်ပျိုးထားသည့် နှစ်ရှည်စားပင်များ၊ အရိပ်ရအပင်များ၊ ရာသီသီးနှံပင်များနှင့် ပန်းအလှပင်များကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ပုံ)**

ထို့နောက် ဝန်ထမ်းများနှင့် ဝန်ထမ်းမိသားစုများအား ရင်းရင်းနှီးနှီး တွေ့ဆုံ၍ တိုက်ပတ်ဝန်းကျင် သန့်ရှင်းသာယာရေးကို စဉ်ဆက်မပြတ် ဆောင်ရွက်ကြရန်နှင့် ဝန်ထမ်းမိသားစုများအနေဖြင့် ကျန်းမာရေးနှင့်အညီ ဂရုပြုနေထိုင်ကြရန် မှာကြားပြီး လိုအပ်သည်များကို ဖြည့်ဆည်းပေးခဲ့ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

၂၀၁၁ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုနေမှုများ ဝန်ကြီး ဒေါက်တာချမ်းငြိမ်း လှည့်လည်ကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၈

ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်းသည် ယနေ့နံနက် ၈ နာရီခွဲတွင် နေပြည်တော်ခရိုင် လယ်ဝေးမြို့နယ် အမှတ် (၁) အခြေခံပညာအထက်တန်းကျောင်းရှိ ပင်မဆောင် စာစစ်ဌာနနှင့် နောင်ရိုးဆောင်စာစစ်ဌာနများ၌ စိတ်ချမ်းမြေ့စွာ ဖြေဆိုနိုင်ရေးအတွက် ဆောင်ရွက်နေမှုများ၊ စာမေးပွဲရုံးလုပ်ငန်းများ၊ စာဖြေခန်းများ၌ ၂၀၁၁ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ အင်္ဂလိပ်စာဘာသာရပ်ဖြေဆိုနေမှုများကို လှည့်လည်ကြည့်ရှု စစ်ဆေးအားပေးပြီး ကျန်းမာရေးစောင့်ရှောက်မှုပေးနေကြသော ကျန်းမာရေးဝန်ထမ်းများအား တွေ့ဆုံနှုတ်ဆက် ကျေးဇူးတင်စကား ပြောကြားသည်။

ထိုမှတစ်ဆင့် ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် ရေနီအခြေခံပညာအထက်တန်းကျောင်း စာစစ်ဌာန၊ မြို့လှ အခြေခံပညာအထက်တန်းကျောင်းစာစစ်ဌာနများသို့ ရောက်ရှိပြီး စာမေးပွဲဖြေဆိုနေမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးအားပေးသည်။

တွေ့ဆုံနှုတ်ဆက်

ထို့နောက် ဝန်ကြီးသည် တာဝန်ရှိသူများအားစာမေးပွဲလုပ်ငန်းကို စည်းကမ်းနှင့်အညီစနစ်တကျ ဆောင်ရွက်ကြရန် မှာကြားပြီး ကျန်းမာရေးဝန်ထမ်းများနှင့် စည်းကမ်းထိန်းသိမ်းရေး အဖွဲ့တို့အား တွေ့ဆုံနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပညာရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာချမ်းငြိမ်း ၂၀၁၁ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဖြေဆိုနေမှုများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

မန္တလေးမြို့အထွေထွေရောဂါကုဆေးရုံကြီးသို့ ကင်ဆာလူနာဆေးသွင်းကုသစက်တစ်လုံး လှူဒါန်း

နေပြည်တော် မတ် ၈

မန္တလေးမြို့ အထွေထွေရောဂါကုဆေးရုံကြီး ဓာတ်ရောင်ခြည်ဆေးကုဌာနသို့ ဓာတ်ရောင်ခြည် ဆေးသွင်းကုသသောလူနာများအတွက် ငွေကျပ်သုံးသိန်းတန်ဖိုးရှိ ကင်ဆာလူနာဆေးသွင်းကုသစက် တစ်လုံးလှူဒါန်းပွဲကို မတ် ၃ ရက် နံနက်ပိုင်းတွင် ဆေးရုံအုပ်ကြီးရုံးခန်း၌ကျင်းပရာ ရှေးဦးစွာ ဆေးရုံအုပ်ကြီး ဒေါက်တာဦးမောင်ဝင်းက ဆေးရုံကြီးတွင် လိုအပ်ချက်များနှင့် ဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် မန္တလေးမြို့နေ ဦးယဉ်ဝင်းမောင်-ဒေါ်ခင်ပြုံးယု၊ သမီး ဒေါက်တာနေမျိုးအောင်-ဒေါက်တာ ထက်ထက်ယုမွန်၊ ဒေါက်တာ ရွှန်းလဲ့ယုမွန်မိသားစုတို့က ငွေကျပ်သုံးသိန်းတန်ဖိုးရှိ ကင်ဆာလူနာများ ဆေးသွင်းကုသစက်တစ်လုံးလှူဒါန်းရာ ဆေးရုံအုပ်ကြီး ဒေါက်တာ ဦးမောင်ဝင်းက လက်ခံပြီး ကျေးဇူးတင်စကားပြောကြားကာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ခဲ့ကြောင်းသိရသည်။ **(သတင်းစဉ်)**

တောင်ပိုင်းဒေသများ မိုးဆက်လက်ရွာနိုင်

နေပြည်တော် မတ် ၈

ယနေ့နံနက် ၉ နာရီခွဲ မိုးလေဝသတိုင်းထွာချက်အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄ နာရီအတွင်းက တနင်္သာရီတိုင်းဒေသကြီးတွင် နေရာကွက်ကျား မိုးရွာခဲ့ပြီး ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ကာ ကျန်တိုင်းဒေသကြီးနှင့်ပြည်နယ်တို့တွင် အများအားဖြင့် သာယာခဲ့သည်။ နေ့အပူချိန်များမှာ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)၊ ရခိုင်ပြည်နယ်၊ ကယားပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မတ်လ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီစင်တီဂရိတ်အထိ၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်း)နှင့် ချင်းပြည်နယ်တို့တွင် မတ်လ၏ ပျမ်းမျှအပူချိန်တို့ထက် ၅ ဒီဂရီစင်တီဂရိတ်မှ ၆ ဒီဂရီစင်တီဂရိတ်အထိ ပိုခဲ့ပြီး ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် မတ်လ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းတို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့်သာယာနေသည်။

မတ် ၉ ရက် ညနေအထိခန့်မှန်းချက်မှာ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျားမိုးအနည်းငယ် ထစ်ချုန်းရွာနိုင်ပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ပဲခူးတိုင်းဒေသကြီးနှင့် ရခိုင်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းကာ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် အများအားဖြင့် သာယာမည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မြန်မာနိုင်ငံတောင်ပိုင်းဒေသများတွင် နေရာကွက်ကျား မိုးဆက်လက်ထစ်ချုန်းရွာနိုင်သည်။

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။

မြဝတီရုပ်မြင်သံကြား

၉-၃-၂၀၁၁ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၂ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
၇:၀၅ ၃။ တရားတော်
၇:၁၅ ၄။ ဓမ္မပူဇာတေး
၇:၂၀ ၅။ မျိုးချစ်တပ်မတော်
၇:၂၅ ၆။ မြန်မာ့ရှုခင်း
၇:၃၀ ၇။ မြန်မာသံစဉ် ချိုနားဝင်
၇:၄၀ ၈။ သာယာသီကြွေး ခေတ်ဆန်းတေး
၇:၅၅ ၉။ အမျိုးသားရေးတေးကဗျာ
၈:၀၀ ၁၀။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၁၁။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
၄:၁၀ ၃။ နိုင်ငံတော်သီချင်း
၄:၁၅ ၄။ အဖွင့်သီချင်း
၄:၂၀ ၅။ မျိုးချစ်တပ်မတော်
၄:၂၅ ၆။ လျှပ်တစ်ပြက်
၄:၃၅ ၇။ အမျိုးသားရေးတေးကဗျာ
၄:၄၀ ၈။ ရင်ခုန်စီးဆင်း အချစ်သီချင်း
၄:၅၀ ၉။ ရှေးဟောင်းသုတ
၅:၀၀ ၁၀။ သတိနှင့်တိုးမည့်ပိုးဖလံများ
၅:၂၀ ၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
၅:၃၀ ၁၂။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မာယာနှုတ်ခမ်း** (အပိုင်း-၄၅)
၆:၀၀ ၁၃။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၄။ အမျိုးသားရေးတေးကဗျာ
၆:၂၀ ၁၅။ Mail Box
၆:၃၅ ၁၆။ ကာတွန်းအစီအစဉ် **ကြယ်တာရာ မင်းသားလေး** (အပိုင်း-၄)
၇:၀၀ ၁၇။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ဖြူစင်သောအားမာန်** (အပိုင်း-၄၅)
၈:၀၀ ၁၈။ မြဝတီရုပ်မြင်သံကြားသတင်း
၁၉။ အမျိုးသားရေးတေးကဗျာ
၂၀။ ဦးတည်ချက်(၁၂)ရပ်
၂၁။ နိုင်ငံတကာသတင်း
၂၂။ မိုးလေဝသသတင်း
၂၃။ ရယ်စရာပျော်စရာ ဟာသကမ္ဘာ **တစ်ယောက်...နှစ်ချေး** သူရလင်း၊ ဇော်၊ ကျော်ထူး၊ ဝက်မ၊ မိုးတိမ်နှင့် သရုပ်ဆောင်များ [ဒါရိုက်တာ-စိန်လင်း (ပုံရိပ်ရွှေမြေ)]
၂၄။ Internet Website
၂၅။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ရင်၌တည်သောသစ္စာ** (အပိုင်း-၁၁)
၂၇။ ကြယ်ကလေးတို့ရဲ့ ဂီတမိုးကောင်းကင်

ဖိတ်ခေါ်ပိုက်ကျော်ခြင်းပြိုင်ပွဲကျင်းပရေး ပုသိမ်၌အကြိုညှိနှိုင်းပွဲကျင်းပ

ပုသိမ် မတ် ၈

ဧရာဝတီတိုင်းဒေသကြီး အားကစားနှင့်ကာယပညာကော်မတီ၏ ကြီးကြပ်စီစဉ်မှု၊ Myanmar Double Strong ၏ အဓိကကူညီပံ့ပိုးမှုဖြင့် ဖိတ်ခေါ်ပိုက်ကျော်ခြင်းပြိုင်ပွဲကို မတ် ၁၈ ရက်မှ ၂၂ ရက်အထိ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ် ကိုးသိန်းအားကစားကွင်း၌ စည်ကားသိုက်မြိုက်စွာ ကျင်းပမည်ဖြစ်ရာ အကြိုညှိနှိုင်းအစည်းအဝေးကို မတ် ၁ ရက် မွန်းလွဲ ၁ နာရီက ဧရာဝတီတိုင်းဒေသကြီး အားကစားခန်းမ၌ ကျင်းပသည်။

ဆွေးနွေးညှိနှိုင်း

လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ ဧရာဝတီတိုင်းဒေသကြီး အားကစားနှင့် ကာယပညာကော်မတီ ဒုတိယညွှန်ကြားရေးမှူး ဦးအောင်မိုး၊ တိုင်းဒေသကြီး ပိုက်ကျော်ခြင်း ဥက္ကဋ္ဌ မြန်မာ့ဆက်သွယ်ရေးလုပ်ငန်း တိုင်းဒေသကြီးမန်နေဂျာ ဦးမျိုးဆွေနှင့် Double Strong မှ ပြိုင်ပွဲကျင်းပရေးတာဝန်ရှိသူများက ပြိုင်ပွဲကျင်းပရေးနှင့်စပ်လျဉ်း၍ ဆွေးနွေးညှိနှိုင်းခဲ့ကြသည်။ **(ခရိုင် ပြန်/ဆက်)**

နီပေါနိုင်ငံ ကွန်ဂရက်ပါတီဥက္ကဋ္ဌဟောင်းနှင့် ဝန်ကြီးချုပ်ဟောင်း မစ္စတာ ကရစ်ရှနား၊ ပရာဆတ် ဘတ်တာရိုင်း ကွယ်လွန်ခြင်းအတွက် ဝမ်းနည်းကြောင်း လက်မှတ်ရေးထိုး

ရန်ကုန် မတ် ၈

နိုင်ငံခြားရေးဝန်ကြီးဌာန လေ့ကျင့်ရေး၊ သုတေသနနှင့် နိုင်ငံခြားဘာသာ ဦးစီးဌာနညွှန်ကြားရေးမှူးချုပ် ဒေါ်ယဉ်ယဉ်မြင့်သည် ယနေ့ ညနေ ၃ နာရီခွဲတွင် ရန်ကုန်မြို့ တာမွေမြို့နယ် နတ်မောက်ရိပ်သာလမ်းရှိ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ နီပေါနိုင်ငံသံရုံးသို့ သွားရောက်၍ မတ် ၄ ရက်တွင် ကွယ်လွန်ခဲ့သော နီပေါနိုင်ငံ ကွန်ဂရက်ပါတီဥက္ကဋ္ဌဟောင်းနှင့် ဝန်ကြီးချုပ်ဟောင်း မစ္စတာကရစ်ရှနား၊ ပရာဆတ် ဘတ်တာရိုင်းအတွက် ဖွင့်လှစ်ထားသည့် ဝမ်းနည်းကြောင်း မှတ်တမ်းစာအုပ်၌ လက်မှတ်ရေးထိုးကြောင်း သတင်းရရှိသည်။ **(အောက်ပုံ)** **(သတင်းစဉ်)**

ဖားကန့်၌ စာစီစာကုံးပြိုင်ပွဲ ဆုချီးမြှင့်

ဖားကန့် မတ် ၈

ကချင်ပြည်နယ် မိုးညှင်းခရိုင် ဖားကန့်မြို့နယ် မော်ဝမ်းရပ်ကွက် ကျောက်တိုင်ကွင်း၌ ဖေဖော်ဝါရီ ၁၂ ရက် နံနက် ၈ နာရီက ကျောင်းပေါင်းစုံ စာစီစာကုံး၊ ကဗျာ၊ ကာတွန်း၊ ပိုစတာပြိုင်ပွဲ ဆုချီးမြှင့်ပွဲအခမ်းအနား ကျင်းပရာ အထက်တန်း၊ အလယ်တန်းနှင့် မူလတန်းကျောင်းများမှ ဆုရရှိကြသော ကျောင်းသား ကျောင်းသူများအား တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သိရှိရသည်။ **(မြို့နယ် ထွေ/အုပ်)**

စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ တိုင်းမှူး ဗိုလ်မှူးချုပ်ရဲအောင် ကြည့်ရှုစစ်ဆေး

နေပြည်တော် မတ် ၈

မန္တလေးတိုင်းဒေသကြီး အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ရဲအောင်သည် မတ် ၁ ရက်က ရေနံချောင်းတပ်နယ် နယ်မြေခံတပ်ရင်းသို့ရောက်ရှိပြီး တပ်ရင်းအတွင်း စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်း ဆောင်ရွက်ထားရှိမှုအခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။ ထို့နောက် တပ်နယ်ခန်းမ၌ အရာရှိ၊စစ်သည်နှင့်မိသားစုဝင်များအား တွေ့ဆုံပြီး တပ်မိသားစုများအတွက် ချီးမြှင့်ငွေများပေးအပ်သည်။

ရှင်းလင်းတင်ပြ

တိုင်းမှူးသည် မတ် ၂ ရက်က တပ်ရင်းအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး မကွေးမြို့ နယ်မြေခံတပ်မ၏ လယ်မြေဖော်ထုတ်ဆောင်ရွက်နေသည့် ရွာခိုင်စုပေါင်းလယ်သို့ရောက်ရှိရာ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြကြသည်။

ထိုမှတစ်ဆင့် စလင်းတပ်နယ်ခန်းမသို့ရောက်ရှိပြီး တပ်နယ်မှ အရာရှိ၊ စစ်သည်နှင့် မိသားစုဝင်များအား တွေ့ဆုံ၍ ချီးမြှင့်ငွေများပေးအပ်ကာ တပ်နယ်၊ တပ်ရင်းများ၏ စိုက်ပျိုး၊ မွေးမြူရေးလုပ်ငန်း ဆောင်ရွက်ထားရှိမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သဃ်န်းကျွန်း၌ မီးဘေးကာကွယ်ရေးဟောပြော မီးငြိမ်းသတ်မှု လက်တွေ့သရုပ်ပြ

ရန်ကုန် မတ် ၈

ရန်ကုန်တိုင်းဒေသကြီး မီးသတ်ဦးစီးဌာနမှူးရုံးနှင့် သဃ်န်းကျွန်းမြို့နယ် မီးသတ်ဦးစီးမှူးရုံးတို့က မီးဘေးကြိုတင်ကာကွယ်ရေးနှင့် မီးငြိမ်းသတ်နည်း လက်တွေ့သရုပ်ပြပွဲကို မတ် ၄ရက် မွန်းလွဲ ၁ နာရီက သဃ်န်းကျွန်းမြို့နယ် ၈/တောင်ရပ်ကွက် နတ်စင်ပြွန်လမ်းရှိ အမှတ်(၁)စက်မှုဝန်ကြီးဌာန မြန်မာ့အိမ်သုံးပစ္စည်းလုပ်ငန်း ရော်ဘာပစ္စည်းစက်ရုံ ရှင်းလင်းဆောင်ခန်းမ၌ ကျင်းပရာ ရှေးဦးစွာ စက်ရုံမှူး ဒေါ်ကြည်ကြည်နွဲ့က ကြိုဆိုနှုတ်ဆက်စကားပြောကြားပြီး တိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ဦးသင်းဌေးရွှေက ပရိုဂျက်တာဖြင့် မီးဘေးကြိုတင်ကာကွယ်ရေးများကို အကျယ်တဝင့် ဟောပြောသည်။ **(အပေါ်ပုံ)**

သရုပ်ပြ

ထို့နောက် တိုင်းဒေသကြီး မီးသတ်ဦးစီးမှူးက ကြီးကြပ်ပြီး သဃ်န်းကျွန်းမြို့နယ် မီးသတ်ဦးစီးမှူး ဦးညဏ်ထွန်းနှင့် တပ်ဖွဲ့ဝင်များက စက်ရုံဝန်ထမ်းများအား မီးငြိမ်းသတ်နည်းများကို ဓာတုဗေဒပေါင်ဒါမှုန့်ခြောက် မီးသတ်ဆေးဘူးနှင့် ဆီများမီးလောင်မှုအတွက် မီးသတ်ဆေးဘူးတို့ဖြင့် လက်တွေ့ငြိမ်းသတ်၍ သရုပ်ပြသခဲ့ကြကြောင်း သိရှိရသည်။ **(၀၂၅)**

မဟူလမ်း ပါရမီ ရန်ကင်းမြို့နယ် ရန်ကုန်မြို့နေ ဗိုလ်ကြီးမောင်ကျော်(ငြိမ်း)-ဒေါ်ခင်သန်း မိသားစုက ဇီဝိတဒါနသံဃာ့ဆေးရုံကြီး(ရန်ကုန်)တွင် ဆောက်လုပ်နေသော သံဃာဆေးကုသဆောင်သစ်ကြီး၏ ဘုရားခန်းအတွက် မတည် အလှူငွေကျပ်သိန်း၂၀လှူဒါန်းရာ ဆေးရုံအုပ်ချုပ်ရေးအဖွဲ့ နာယက လက်ခံယူစဉ်။ (သတင်းစဉ်)

အာစရိယပူဇော်

ကော့ကရိတ်မြို့နယ် ကျုံဒိုးမြို့ အထကခန်းမ၌ ဒီဇင်ဘာ ၂၉ ရက်က ကျောင်းသား ကျောင်းသူဟောင်းများက အငြိမ်းစားဆရာ ဆရာမကြီးများအား သတ္တမအကြိမ် အာစရိယပူဇော်ပွဲကျင်းပရာ ကျင်းပရေးကော်မတီ ဥက္ကဋ္ဌ ဦးသန်းအောင် နှုတ်ခွန်းဆက်စကားပြောကြားစဉ်။ (ခရိုင် ပြန်/ဆက်)

မြန်မာနယူးစ်ဝိခ်ဂျာနယ်ဖြန့်ချိ

ရန်ကုန် မတ် ၈

ယာဉ်ကြောပိတ်ဆို့မှုဖြေရှင်းရန် နည်းလမ်းများ သတင်းပါရှိသည့် မြန်မာနယူးစ်ဝိခ်ဂျာနယ် အတွဲ(၂)၊ အမှတ်(၆၉)ကို ဖြန့်ချိလိုက်သည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း FITTX စနစ် ဝန်ဆောင်မှုများကို ကုမ္ပဏီနှစ်ခုကသာ လုပ်ဆောင်မည်ဟုသိရ၊ ကလေးငယ်များရေကျောက်ပေါက်သည့်နှုန်း များပြားလာ၊ ဆန်စပါးအထူးပြုကုမ္ပဏီများ ပိုမိုဝန်ဆောင်မှုပေးရန် တောင်သူများလိုလား၊ ၂၀၁၁ခုနှစ်သည် ၂၀၀၈ခုနှစ် လာနီညာ ရာသီဥတုနှင့် ဖြစ်စဉ်ခြင်းတူညီနေသဖြင့် မိုးကြိုးမုန်တိုင်းများဝင်ရောက်နိုင်၊ စံချိန်တင်ရောင်းအားမြင့်တက်အောင် ရည်ရွယ်ထားတဲ့ (၄၈)ကြိမ်မြောက် မြန်မာ့ကျောက်မျက်ရတနာပွဲ၊ ကမ္ဘာ့ကုလသမဂ္ဂ ၂၀၁၁ခုနှစ်မှ ၂၀၂၀ပြည့်နှစ်အထိကို ယာဉ်အန္တရာယ် ကင်းရှင်းရေး(၁၀)စုနှစ်အဖြစ် အတည်ပြုဆုံးဖြတ်၊ ၂၀၁၁ နွေရာသီအတွက် မိုးဇလပညာရှင်၏အမြင်နှင့် ဝေဒပညာရှင်၏အမြင်၊ ကျောင်းဝတ်စုံဈေးကွက်တွင် ကြိုတင်မှာယူမှုများခြင်းကြောင့် တစ်နိုင်တစ်ပိုင် အထည်ချုပ်သူများစီးပွားဖြစ်၊ နေပြည်တော် နိုင်ငံတကာ လေဆိပ်သစ် ဖွင့်လှစ်နိုင်ရန် တည်ဆောက်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်တင်၊ ရွှေနှင့်ဆက်စပ်သတ္တုများ စမ်းသပ်တိုင်းတာရေးလုပ်ငန်း ရုရှားကုမ္ပဏီတို့လုပ်ပိုင်ခွင့်ရရှိ၊ အမှတ်(၁) အထွေထွေအကြီးစားစက်မှုလုပ်ငန်းနှင့် တရုတ်ကုမ္ပဏီတို့ပူးပေါင်း၍ ၁၀/၁၅တန်ကုန်တင်ယာဉ်များ ထုတ်လုပ်သွားမည်၊ မောင်နှမချင်းရန်ဖြစ်ရာမှ မီးလောင်မှုဖြစ်ပွား၊ အီရန်စစ်ရေးလှုပ်ရှားမှုကို ခြိမ်းခြောက်နေသည့် အစ္စရေးတို့၏ အဲရိုးဒုံးကျည်သစ်များ၊ တရုတ်နျူကလီးယားဒုံးပျံများကို အဘယ်ကြောင့် စိုးရိမ်နေရတာလဲ၊ နျူကလီးယားစစ်ပွဲက ကမ္ဘာကြီးပူနွေးလာမှု၏ အဖြေဖြစ်၊ ရုရှားဒုံးပျံများ ဆီးရီးယားအား ရောင်းချမည်၊ အီရန်ရေတပ်ရှိနေမှု တီဟီရန်၏ စွမ်းအားပြသမှုဖြစ်ကြောင်း ဆီးရီးယားကာကွယ်ရေးဝန်ကြီးပြောကြား၊ အမေရိကန်စစ်သင်္ဘောများ အရှေ့အလယ်ပိုင်းမှရုပ်သိမ်းရန် အီရန်တိုက်တွန်း စသည့် နောက်ဆုံးရ ပြည်တွင်း ပြည်ပသတင်းများနှင့်အတူ ထုတ်ဝေဖြန့်ချိလိုက်ပြီဖြစ်သည်။

မြန်မာနယူးစ်ဝိခ်ဂျာနယ်ကို အပတ်စဉ် အင်္ဂါနေ့တိုင်း ထုတ်ဝေနေပြီဖြစ်သည်။ **(သတင်းစဉ်)**

KENBOဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ မူဆယ်မြို့၌ ကျင်းပ

ရန်ကုန် မတ် ၈

မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်က ကြီးမှူး၍ KENBO က အဓိက ကူညီပံ့ပိုးသော ၂၀၁၁ခုနှစ် သင်္ကြန်အကြို KENBO ဖလား ဂေါက်သီးရိုက်ပြိုင်ပွဲ၏ ပထမပွဲစဉ်ကို မတ် ၅ ရက်က မူဆယ်မြို့ ရွှေသမင်ဂေါက်ကလပ်၌ ကျင်းပသည်။

ပြိုင်ပွဲအပြီးတွင် မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ် အမှုဆောင် ဦးကိုကိုလေးက Nearest To The Pin ဆုရရှိသော တင်စိုးအားလည်းကောင်း၊ Longest Drive ဆုရရှိသော လေးလေးခွန်နှင့် အောင်သန့်အားလည်းကောင်း၊ Nearest Line ဆုရရှိသော ထွန်းလင်းစိုးအားလည်းကောင်း၊ Most Birdie ဆုရရှိသော ရဲထွန်းနိုင်တို့အား ဆုများကို ပေးအပ်ချီးမြှင့်သည်။

ပေးအပ်ချီးမြှင့်

ဆက်လက်၍ AUNG KENBO Trading Co.,Ltd. မန်နေဂျင်းဒါရိုက်တာ ဒေါ်နန်းရွှေဟန်က အမျိုးသမီး (System 36)ဖြင့် တွက်ချက်ပြီး ၇၄ ချက်ဖြင့် ပထမရရှိသော လေးလေးခွန်၊ ၇၅ချက်ဖြင့် ဒုတိယရရှိသော နန်းမေဝင်းနှင့် ၇၈ချက်ဖြင့် တတိယရရှိသော ဝမ်ဆိုင်လင်းတို့အားလည်းကောင်း၊ မူဆယ်မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးမြဟန်က အမျိုးသား (System 36) ဖြင့် တွက်ချက်ပြီး ရိုက်ချက် ၇၀ဖြင့် ပထမရရှိသော ကျော်ကျော်သိန်း၊ ရိုက်ချက်၇၀ဖြင့် ဒုတိယရရှိသော ကျော်ကျော်၊ ရိုက်ချက်၇၀ဖြင့် တတိယရရှိသော ကျော်မင်းနိုင်တို့အားလည်းကောင်း၊ မူဆယ် ရွှေသမင်ဂေါက်ကလပ်ဥက္ကဋ္ဌ ရဲမှူးကြီးမိုးမောင်သန်းက အမျိုးသား အကျော်မဲ့ပြိုင်ပွဲတွင် ရိုက်ချက် ၇၆ ချက်ဖြင့် ပထမရရှိသော ရဲထွန်းနိုင်(**အပေါ်ပုံ**)၊ ရိုက်ချက် ၇၇ချက်ဖြင့် ဒုတိယရရှိသော ထန်အိတ်နှင့် ရိုက်ချက် ၇၈ချက်ဖြင့် တတိယရရှိသော အောင်ချိုတို့အားလည်းကောင်း ဆုများကို ပေးအပ်ချီးမြှင့်ကြသည်။ ယင်းနောက် AUNG KENBO Trading Co.,Ltd. မှ ဒါရိုက်တာဦးမျိုးမင်းက ပထမရရှိသော ရဲထွန်းနိုင်အား KENBO ဆိုင်ကယ် တစ်စီး ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် မတ် ၈

ဘူမိဗေဒကျောင်းသားဟောင်းများ၏ ဂေါက်သီးရိုက်ပြိုင်ပွဲ ကျင်းပရေးအတွက် မတ် ၂၆ ရက် နံနက် ၁၁ နာရီတွင် ရန်ကုန်မြို့ ဒဂုံဂေါက်ကွင်း၌ တွေ့ဆုံကြမည်ဖြစ်ရာ ဒါရိုက်တာကြည်စိုးထွန်း ဖုန်း-၀၁-၅၈၄၆၃၁၊ မြင့်သိန်းတင် ဖုန်း-၀၁-၃၈၃၇၂၁၊ သောင်းစိန် ဖုန်း-၀၁-၅၂၄၁၆၃၊ ဇော်မင်း ဖုန်း-၀၉-၅၀၀၀၆၈၆ နှင့် ညဏ်မိုး ဖုန်း-၀၁-၂၀၁၃၈၉ တို့ထံသို့ ဆက်သွယ်ကြရန် နှိုးဆော်ထားသည်။ **(သတင်းစဉ်)**

လမ်းပေါက်ဖာထေး

ရမ်းဗြဲမြို့နယ်စည်ပင်သာယာရေးအဖွဲ့က ရုံးတက်လမ်း ကတ္တရာလမ်းပေါက်ဖာထေးထားမှုကို ဖေဖော်ဝါရီ ၂၈ ရက်က ပြည်နယ်စည်ပင်သာယာရေးအဖွဲ့ အင်ဂျင်နီယာမှူး ဦးအောင်နိုင် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးထွန်းခင် ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ဖောင်းပြင်မြို့နယ်၌ ပန်းအလှပင် စိုက်ပျိုး

ဖောင်းပြင် မတ် ၈

ဖောင်းပြင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့က တြိဂံပန်းခြံရှေ့ ပျိုးပင်များ ပေါင်းသင်ခြင်း၊ မြေဆွခြင်း၊ ပန်းအလှပင်စိုက်ပျိုးခြင်းနှင့် သန့်ရှင်းရေး ပြုလုပ်ခြင်းလုပ်ငန်းများကို အမှုဆောင်အရာရှိ ဦးလေးမော်နှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးသန့်ဇော် ဝင်းတို့ ကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။

(မြို့နယ်စည်ပင်)

မီးမှန်သမျှ သုံးတတ်က မုချမီးဘေး စဉ်ကင်းဝေး

ရေနံစိမ်းတန်ချိန် သုံးသိန်းတင်သင်္ဘောများ ဆိုက်ကပ်နိုင်မည့် ဆီတင်ဆီချဆိပ်ကမ်း တည်ဆောက်

နေပြည်တော် မတ် ၈

စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဦးလွန်းသီသည် ဒုတိယဝန်ကြီး ဦးသန်းငွေးနှင့် စွမ်းအင်ဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ CNPC South East Asia Pipeline ကုမ္ပဏီလီမိတက် President Mr. Zhang Jinlin နှင့် တာဝန်ရှိသူများ၊ ဒေဝူးအင်တာနေရှင်နယ်ကော်ပိုရေးရှင်း Vice President Mr. Si-Bo Joo နှင့် တာဝန်ရှိသူများလိုက်ပါလျက် မတ် ၅ ရက် မွန်းလွဲပိုင်းက ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ် မဒေးကျွန်းရှိ မြန်မာ-တရုတ်ရေနံစိမ်းပိုက်လိုင်း စီမံကိန်း၏ ဆိပ်ကမ်းတည်ဆောက်ရေးလုပ်ငန်းခွင်၌ ကြည့်ရှုစစ်ဆေးကြသည်။ (ဝဲပုံ)

ရှင်းလင်းတင်ပြ

ရောက်ရှိလာရာ Work Boat Wharf ၌ CNPC ကုမ္ပဏီ President Mr. Zhang Jinlin က Work Boat Wharf တည်ဆောက်ပြီးစီးမှု အခြေအနေကို ရှင်းလင်းတင်ပြသည်။

ရှေးဦးစွာ ဝန်ကြီးနှင့်အဖွဲ့သည် မဒေးကျွန်းသို့ ရောက်ရှိလာရာ Work Boat Wharf ၌ CNPC ကုမ္ပဏီ President Mr. Zhang Jinlin က Work Boat Wharf တည်ဆောက်ပြီးစီးမှု အခြေအနေကို ရှင်းလင်းတင်ပြသည်။

မှာကြား

ထို့နောက် ရှင်းလင်းဆောင်၌ Mr. Zhang Jinlin က မြန်မာ-တရုတ်ရေနံစိမ်းပိုက်လိုင်းစီမံကိန်းတွင် ပါဝင်သော Work Boat Wharf တည်ဆောက်ပြီးစီးမှု အခြေအနေ၊ ဆီတင်ဆီချဆိပ်ကမ်း တည်ဆောက်ရေးလုပ်ငန်းများ စတင်ဆောင်ရွက်နေမှုအခြေအနေ၊ ရေချိုဖြန့်ဖြူးပေးနိုင်ရေးအတွက် ဆည်တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်နေမှု အခြေအနေ၊ ရေနံစိမ်းသိုကန်များ တည်ဆောက်ရေးအတွက် ဆက်လက်အကောင်အထည်ဖော်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ဝန်ကြီးက လိုအပ်သည်များကို မှာကြားသည်။

အပြီးဆောင်ရွက်မည်

အဆိုပါ တည်ဆောက်ဆဲ ရေနံစိမ်း ဆီတင်ဆီချဆိပ်ကမ်း ပြီးစီးပါက တန်ချိန် ၃၀၀၀၀၀ ဆံ့ Crude Oil Carrieer သင်္ဘောကြီးများ ဝင်ရောက်ရပ်နားကာ ဆီချပြီး မြန်မာ-တရုတ် ရေနံစိမ်းပိုက်လိုင်းမှတစ်ဆင့် တရုတ်နိုင်ငံသို့ ရေနံစိမ်းများ ပို့လွှတ်ဖြန့်ဖြူးသွားနိုင်မည် ဖြစ်သည်။ အဆိုပါ ဆိပ်ကမ်းမှ တစ်နှစ်လျှင် ရေနံစိမ်းတန်ချိန် ၂၂ သန်း ဆီချလက်ခံခြင်းကို ဆောင်ရွက် နိုင်စွမ်းရှိပြီး စီမံကိန်းလုပ်ငန်းများ ၂၀၁၃ ခုနှစ် မေလတွင် အပြီးဆောင်ရွက်ရန် ကြိုးပမ်းအကောင်အထည်ဖော်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

နွေရာသီအခြေခံအားကစားသင်တန်းများဖွင့်ပွဲ ကျင်းပ

ရန်ကုန် မတ် ၈

၂၀၁၁ ခုနှစ် နွေရာသီ အခြေခံ အားကစားသင်တန်းများဖွင့်ပွဲကို မတ် ၇ ရက် နံနက် ၈ နာရီက ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်း၌ ကျင်းပရာ အခမ်းအနားတွင် မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားဝန်ကြီးဌာန ဝန်ကြီးကိုယ်စား မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ အထွေထွေအတွင်းရေးမှူး အားကစားနှင့် ကာယပညာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးသောင်းထိုက်က သင်တန်းဖွင့် အမှာစကားပြောကြားသည်။ **(ယာပုံ)**

သရုပ်ပြကစား

ယင်းနောက် မြန်မာနိုင်ငံသိုင်းအဖွဲ့ချုပ်၊ မြန်မာနိုင်ငံကရာတေးဒိုအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ တိုက်ကွမ်ဒိုအဖွဲ့ချုပ်နှင့် မြန်မာနိုင်ငံဝူရှူးအဖွဲ့ချုပ်တို့မှ အားကစားသမားများက သရုပ်ပြကစားကြသည်။

ဖွင့်လှစ်မည်

နွေရာသီ အခြေခံ အားကစားသင်တန်းတွင် အားကစားနည်း ၃၂ မျိုးသို့ သင်တန်းသား ၁၅၀၀၀ခန့် တက်ရောက်သင်ကြားကြမည်ဖြစ်ပြီး မတ် ၇ ရက်မှ ဧပြီ ၈ ရက်အထိ ဖွင့်လှစ်သင်ကြားသွားမည်ဖြစ်ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ် ခြောက်မိုင်ခွဲ ရွှေဟင်္သာ(၃)လမ်း ပုလဲ ဂေဟာခြံနေ ဖခင်တန်အာတီနှင့် မိခင် ဘုရား၊ ရဟန်း၊ ကျောင်း၊ ဒါယိကာမကြီး ဒေါ်ဆင်ဟွာ(မြိတ်)တို့အား ရည်စူး၍ သား မောင်ရှိန်(ခ) မောင်ကြည်ရှိန်၊ သမီး မအေးအေးချို၊ မစန္ဒာချို၊ မသီတာချို၊ မသူဇာလှိုင်ချို မိသားစုက ထာဝရဆွမ်းပဒေသာပင်အတွက် ငွေကျပ် ၁၃၅၅၅၅ ကို နှင်းဆီကုန်းဘိုးဘွားရိပ်သာ အမှုဆောင်အဖွဲ့ တွဲဖက်အတွင်းရေးမှူး ဦးမောင်မောင်ကြီးထံ ပေးအပ်လှူဒါန်းစဉ်။ (ဘိုးဘွားရိပ်သာ)

ပြည်မြန်မာသတင်းဂျာနယ်ဖြန့်ချိ

ရန်ကုန် မတ် ၈

ပြည်မြန်မာသတင်းဂျာနယ် အမှတ် (၇၅၉)ကို ရန်ကုန်မြို့ အနော်ရထာလမ်း ၃၉ လမ်းထောင့် Central Tower ပထမထပ်ရှိ Swesone Media Group မှ တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပြီဖြစ်သည်။

ယခုအပတ်ထုတ် ပြည်မြန်မာသတင်းဂျာနယ်၌ မြန်မာအမျိုးသမီးအဆိုတော်တစ်ဦး ကိုရီးယားရုပ်ရှင်ဇာတ်ကား၌ ယခုနှစ်အတွင်း သွားရောက်ရိုက်ကူးရန် ရွေးချယ်ခံရ၊ ရန်ကုန်-နေပြည်တော်-မန္တလေး လမ်းမတစ်လျှောက် ဖုန်းလိုင်းဆွဲအားမြင့်ကိရိယာများ တပ်ဆင်မည်၊ နယ်ဒေသများ၌ ငါးသိန်းတန် GSM ဖုန်းများ စတင်လျှောက်ထားနိုင်၊ ပြည်သူ့ရင်ပြင်ရှိ နိုင်ငံတကာအဆင့်မီ ကစားကွင်းသစ်ဖွင့်ပြီ၊ ဗီယက်နမ်တွင် ကျင်းပမည့် တောင်တက်ပြိုင်ပွဲ၌ မြန်မာပါဝင်ဆင်နွှဲမည်၊ မြန်မာ့ပထမဆုံး ရေပေါ် ဂေါက်လေ့ကျင့်ရေးကွင်း ယခုလကုန်တွင် ဖွင့်တော့မည်၊ မြန်မာနိုင်ငံမှ အမျိုးသမီးများအပါအဝင် အငှားကားယာဉ်မောင်း ၁၀၀ UAE က ခေါ်ယူ၊ ကုန်တင်ယာဉ်များ တန်ပိုတင်ပါက ယာဉ်ကို နိုင်ငံပိုင်သိမ်းမည်၊ တစ်ကမ္ဘာလုံးနှင့် အင်တာနက်ဆက်သွယ်မှုများ ပြတ်တောက်မသွားစေရန် စနစ်သုံးမျိုးဖြင့် ချိတ်ဆက်ထား၊ ကျောင်းသားကျောင်းသူများအတွက် ပြည်တွင်း၌ Netbook များ ထုတ်လုပ်မည်၊ ရန်ကုန်မြို့ရှိ ရှေးဟောင်းအဆောက်အအုံများကို ကမ္ဘာလှည့်များလေ့လာရေးနေရာများအဖြစ် သတ်မှတ်မည်၊ AIDS လူနာများ ကုသပေးမှုကို မြို့ကြီးသုံးမြို့၌ တိုးချဲ့မည်၊ လူနေထိုင်နိုင်သည့် အသင့်ပြုလုပ်ပြီး ကွန်တိန်နာများ မြန်မာနိုင်ငံသို့ စတင်ရောက်ရှိ၊ စာဖွဲ့မဲ့ ကျွန်းဘာလီ၊ မော်ရင်ဟိုဓားထိုးခံရ၊ ပဋ္ဌလက်ဆရာက ကမ္ဘာ့ပထမဆုံး မှော်ကျောင်းတော်ကို ဖွင့်လှစ်၊ ဘောလုံးပွဲတစ်ပွဲတည်း၌ အနီကတ် ၃၆ ကတ်ပြ၍ ကမ္ဘာ့စံချိန်တင်၊ ကမ္ဘာ့အမွေးအထူဆုံး မိန်းကလေးအဖြစ် ထိုင်းကလေးငယ် အသိအမှတ်ပြုခံရ၊ ရေအောက်မှနေ၍ ကမ္ဘာတစ်ပတ် ပတ်ရန် တစ်ဦးတည်း ခရီးထွက်မည်၊ တရုတ်စစ်တပ်က ခိုအကောင် ၁၀၀၀၀ ကို လေ့ကျင့်ပေးနေ…စသည့် စိတ်ဝင်စားဖွယ်သတင်းများဖြင့် အပတ်စဉ် အင်္ဂါနေ့တိုင်း ဖြန့်ချိလျက်ရှိကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဟောပြော

တောင်ကြီး မတ် ၈

ရှမ်းပြည်နယ်(တောင်ပိုင်း)ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ကြီးကြပ်မှုကော်မတီက ကြီးမှူး၍ တောင်ကြီး တက္ကသိုလ်ဘွဲ့နှင်းသဘင်ဘက်စုံခန်းမ၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ ပညာပေးဟောပြောပွဲကို မတ် ၄ရက် မွန်းလွဲ ၂နာရီက ကျင်းပရာ တက္ကသိုလ်-တာဝန်ခံ ပါမောက္ခချုပ် ဒေါက်တာဒေါ်မူမူမြင့်က အမှာစကားပြောကြားပြီး မြန်မာနိုင်ငံရဲတပ်ဖွဲ့ယာဉ်ထိန်းတာဝန်ခံ ဒုတိယရဲမှူး တင်စိုးရှိန်က စည်းကမ်းမလိုက်နာမှုကြောင့် ဖြစ်လေ့ရှိသော ယာဉ်တိုက်မှုများကို လည်းကောင်း၊ ရထားပို့ဆောင်ရေးဝန်ကြီးဌာန ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ စစ်ဆေးရေးမှူး(၂) ဦးဇော်ကိုကိုဖေက မော်တော်ဆိုင်ကယ်စီးသူများ အပါအဝင် လမ်းအသုံးပြုသူများ လိုက်နာရမည့် အချက်အလက်များကို Projector Laptop ဖြင့် လည်းကောင်း၊ (VINYL) ဓာတ်ပုံဖြင့်လည်းကောင်း ရှင်းလင်းဟောပြောကြသည်။ **(အောက်ပုံ)**

ယင်းအခမ်းအနား အပြီးတွင် ယာဉ်အန္တရာယ်ကင်းရှင်းရေး လက်ကမ်းစာစောင်များ ပေးဝေခဲ့ကြောင်း သိရှိရသည်။ **(ပြည်နယ်/ ကညန)**

စစ်ဆေး

တောင်ဥက္ကလာပမြို့နယ် (၇)ရပ်ကွက်အတွင်း မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် မတ် ၆ရက်က ရပ်ကွက်ဥက္ကဋ္ဌ ဦးသန်းဝင်းနှင့် အဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ ရပ်ကွက်အတွင်း ကွင်းဆင်းစစ်ဆေးစဉ်။

(မြန်မာ့အလင်း)

ပင်လည်ဘူးမြို့၌ ပျိုးပင်များ ပေါင်းသင်

ပင်လည်ဘူး မတ် ၈

ပင်လည်ဘူးမြို့နယ်စည်ပင်သာယာရေးအဖွဲ့က အဖွဲ့ပိုင် ပျိုးဥယျာဉ်အတွင်း ပျိုးပင်များ ပေါင်းသင်ခြင်း၊ မြေဆွခြင်း လုပ်ငန်းများ ဆောင်ရွက်နေမှုကို ဖေဖော်ဝါရီ ၁၅ ရက်က အမှုဆောင်အရာရှိ ဦးသိန်းဆွေမြင့်နှင့် တာဝန်ခံ အင်ဂျင်နီယာ ဦးပြည်စိုးဝင်းကျော်တို့ ကြီးကြပ်ဆောင်ရွက်ခဲ့ကြောင်း သိရှိရသည်။

(မြို့နယ်စည်ပင်)

✱ *ကျောဖုံးမှ*

မြန်မာနိုင်ငံ၌ ကျောက်မျက်ရတနာအရင်းအမြစ်များ ပေါကြွယ်ဝသည်ကို ရှေးအစဉ်အလာကပင် ကမ္ဘာကသိရှိပြီး ကျော်ကြားထင်ရှားခဲ့သည်။ အထူးသဖြင့် မြန်မာနိုင်ငံမှ ထွက်ရှိသော ကျောက်စိမ်း(Jade)၊ ပတ္တမြား(Ruby)၊ နီလာ (Sapphire) စသော တန်ဖိုးကြီးရတနာများသည် အရည်အသွေးအရ လည်းကောင်း၊ ထွက်ရှိသည့် ပမာဏနှင့် ရတနာသိုက် အရွယ်အစားအရ လည်းကောင်း ကမ္ဘာပေါ်တွင် ကျော်ကြားသဖြင့် ဂုဏ်ယူဖွယ်ကောင်းလှပေသည်။

၂၀၁၀ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ပြည်ပ ရတနာကုန်သည်များ ကျောက်စိမ်းအတွဲများကို စိတ်ဝင်တစား ကြည့်ရှုလေ့လာခဲ့ကြစဉ်။

တူးဖော်ထုတ်လုပ်

မြန်မာ့ကျောက်စိမ်းကို ကချင်ပြည်နယ် ဖားကန့်မြို့နယ်၊ မိုးညှင်းမြို့နယ်နှင့် စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့နယ်တို့တွင် နေရာအနှံ့အပြား တူးဖော်ထုတ်လုပ် ရရှိနိုင်သည်။ ကျောက်စိမ်းဖြစ်ထွန်းမှုကို ဘူမိဗေဒသဘောအရ ပင်ရင်းသိုက်များ (Primary Deposits)နှင့် ပင်ရင်းသိုက်များမှ တိုက်စားပို့ချပြီး ဖြစ်ပေါ်လာသော ကျောက်စိမ်းသိုက်များ (Secondary Deposits) ပုံစံနှစ်မျိုးဖြင့် အဓိကတွေ့ရှိရသည်။

ပင်ရင်းသိုက်များ (Primary Deposits) ဟူသည် အငုတ်အကြောအဖြစ် ဆာပင်တီနိုက်ကျောက် (Serpentinite) များ၏

၂၀၁၀ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ခင်းကျင်းပြသခဲ့သော မြန်မာ့ကျောက်စိမ်းကို တွေ့ရစဉ်။

အက်ကြောင်းကြီးများထဲ၌ တိုးဝင်နေသည့် အနေအထားဖြစ်သည်။ ဤပုံစံမျိုးကို ဖားကန့်မြို့နယ် တောမော်ဒေသ ဝန်းကျင်တွင် ကျယ်ကျယ်ပြန့်ပြန့် တွေ့ရှိနိုင်သည်။

တွေ့ရှိနိုင်

ပင်ရင်းသိုက်များမှ တိုက်စားပို့ချပြီး ဖြစ်ပေါ်လာသော ကျောက်စိမ်းသိုက်များ(Secondary Deposits) ဟူသည် ပင်ရင်းသိုက်အငုတ်အကြောများမှ ဘူမိဖြစ်စဉ်အမျိုးမျိုးကြောင့် တိုက်စားပြုတ်ကျလာသည်တို့ကို မြစ်ချောင်းများက သယ်ဆောင်လာပြီး အခြားကျောက်များနှင့်အတူ ရောနှောပို့ချထားခြင်းဖြစ်သည်။ ဤပုံစံမျိုးကို ဖားကန့်ဝန်းကျင်ဒေသ၊ ဥရုမြစ်ကြောင်းတစ်လျှောက်၊ မိုးညှင်းမြို့နယ် နမ့်ချီးမော်ဒေသနှင့် မော်လူးမြို့အနောက်ဘက် ကွေ့ကြီး-ထုံးတောင်ဒေသတို့တွင် တွေ့ရှိနိုင်သည်။

ကျောက်စိမ်းတွင် ဂျေဒိုက်ကျောက်စိမ်း (Jadeite-Jade) နှင့် နက်ဖရိုက်ကျောက်စိမ်း (Nephrite-Jade) ဟူ၍ နှစ်မျိုးရှိသည်။ သို့သော်လည်း ဂျေဒိုက်ကျောက်စိမ်းကိုသာလျှင် ကျောက်စိမ်းအဖြစ် သတ်မှတ်ထားပြီး အရည်အသွေးကောင်းသဖြင့် တန်ဖိုးကြီးသည်။ မြန်မာ့ဂျေဒိုက်ကျောက်စိမ်းသည် ကမ္ဘာပေါ်တွင် အလှပဆုံးနှင့် အဖိုးအတန်ဆုံး ကျောက်စိမ်းအမျိုးအစားဖြစ်သည်။

အရောင်အမျိုးမျိုးရှိ

ဂျေဒိုက်ကျောက်စိမ်းကို အစိမ်းရောင်အနေဖြင့်သာမက ပန်းရောင်၊ အညို၊ အနီ၊ လိမ္မော်၊ ခရမ်း၊ အပြာနှင့် အနက်ရောင်စသဖြင့် အရောင်အမျိုးမျိုး တွေ့ရှိရသည်။ ကျောက်စိမ်းကို အရောင်၊ အလင်းပေါက်နိုင်မှု၊ ကျောက်ဖွဲ့သား၊ အပြစ်အနာကင်းစင်ခြင်းစသည့် အချက်တို့ပေါ်မူတည်၍ အရည်ကျောက် (Imperial Jade)၊ အထည်ကျောက် (Litility Jade) နှင့် အသားကျောက် (Commercial Jade) ဟူ၍ အတန်းအစားသုံးမျိုး ခွဲခြားထားသည်။

ဂျေဒိုက်ကျောက်စိမ်းများအနက် မြစိမ်းရောင်ရှိပြီး တောက်ပကြည်လင်သည့် ကျောက်စိမ်း (Imperial Jade) သည် တန်ဖိုးအကြီးဆုံးဖြစ်သည်။ ကျောက်စိမ်းတုံးကြီးတစ်ခုအတွင်းမှာပင် အရည်ကျောက်၊ အထည်ကျောက်နှင့် အသားကျောက်ဟူ၍ အမျိုးအစားသုံးမျိုးစလုံးပါဝင်နိုင်သည်။ အရည်စွဲဝင်နေသော အစိတ်အပိုင်းကို အကြောငယ်ကလေးများ အဖြစ်လည်းကောင်း၊ အစက်အပြောက်များအဖြစ်လည်းကောင်း တွေ့ရှိရသည်။ အထည်ကျောက်အဖြစ် သတ်မှတ်ထားသော အတန်းအစားတွင်မူ အလင်းပေါက်မှု အတိုင်းအတာ နည်းလာပြီး အစိမ်းရောင်သည်လည်း ညီညွတ်မှုမရှိတော့ဘဲ အပြောက်၊ အကွက်များ သဏ္ဌာန်ပါရှိနေသည်။ အသားကျောက်အဆင့်အတန်းတွင်မူ အစိမ်းရိပ်၊ အစိမ်းရောင် ကျန်ရှိခြင်း နည်းပါးသည်။

ထုထည်ကြီးမား

ကျောက်စိမ်းသည် အခြား စိန်၊ မြ၊ ပတ္တမြား စသည်တို့ကဲ့သို့ တွင်းထွက်ပုံဆောင်ခဲ (Single Mineral Crystal) အနေဖြင့် မတွေ့ရဘဲ ပိုင်ရောဆင်း (Pyroxene) တွင်းထွက် အုပ်စုဝင်ဖြစ်သည့် ဂျေဒိုက်ပုံဆောင်ခဲငယ်ကလေးများ တစ်ခုနှင့်တစ်ခု ပြွတ်သိပ်ကျပ်ညပ်စွာ လက်ယှက်ထိုးဖွဲ့စည်းထားသော ကျောက်(Rock) တစ်မျိုးဖြစ်ကြောင်း အဏုကြည့် (Microscope) အောက်တွင် ဖြတ်ပိုင်းပါးများပြုလုပ်၍ ကြည့်ရှုပါက ထင်ရှားစွာတွေ့နိုင်သည်။ သို့ဖြစ်၍ ကျောက်စိမ်းကို ထုထည်ကြီးမားသော အကြောအငုတ်ကြီးများ၊ ကျောက်စိမ်းတုံးကြီးများအဖြစ် တွေ့ရခြင်းဖြစ်သည်။

ကျောက်စိမ်းအတွင်း အမ်ဖီဖိုးအမျိုးအစား တွင်းထွက်များ၊ ခရိုမိုက် တွင်းထွက် အစက်အပြောက်များလည်း ရောထွေးပါဝင်နေသည်ကို တွေ့ရသည်။ ဂျေဒိုက်ကျောက်စိမ်း၏ အခြေခံဖွဲ့စည်းပုံမှာ ဆိုဒီယမ်အလူမီနီယမ် ဆီလီကိတ် (Na AL Si2 O6) ဖြစ်ပြီး သိပ်သည်းဆ ၃ ဒသမ ၃၃၊ မာဆင့် (၇) ရှိသည်။

အရည်အသွေးကောင်းမွန်သော ဂျေဒိုက်ကျောက်စိမ်းကို ကမ္ဘာပေါ်၌ မြန်မာနိုင်ငံ တစ်နိုင်ငံတည်းတွင်သာ ပေါများစွာတွေ့ရသည့် အကြောင်းရင်းမှာ ထူးခြားသည့် ဘူမိဖြစ်စဉ်ကြောင့် ဖြစ်ပေသည်။ ကျောက်စိမ်းသည် ဖိအားအလွန်မြင့်မားသည့် ကမ္ဘာ့မြေထုချပ်ကြီးများ ထိတိုက်ဆုံစည်းရာ အနားစွန်း (Convergent Plate boundaries) တို့တွင်သာ ဖြစ်ထွန်းနိုင်ပေသည်။

ပေါင်းစုတည်ရှိ

ကမ္ဘာပေါ်ရှိ တိုက်ကြီးများ၌ လွန်ခဲ့သည့် နှစ်သန်းပေါင်း ၂၀၀ ကျော်ခန့်က ယခုကဲ့သို့ အနေအထားအတိုင်း မဟုတ်မူဘဲ အားလုံးတစ်စုတည်းဖြစ်နေသည့် ကြီးမားလှသော မဟာမြေထုချပ် (Pangaea) အဖြစ် ပေါင်းစုတည်ရှိနေခဲ့ကြသည်။ ယင်းကဲ့သို့ အားလုံးတစ်စုတည်းဖြစ်နေသည့် အခြေအနေမှ လွန်ခဲ့သည့် နှစ်သန်းပေါင်း ၂၀၀ ခန့်မှ စတင်၍ တဖြည်းဖြည်း ကွဲထွက်ရွေ့လျားလာကာ လက်ရှိပုံစံအနေအထားသို့ ရောက်ရှိဖြစ်ပေါ်နေခြင်းဖြစ်သည်။

ယခုလက်ရှိ မြန်မာနိုင်ငံ၏ တည်နေရာသည် ယခင်အာဖရိက အရှေ့ဘက်ခြမ်းမှ ကွဲထွက်ရွေ့လျားလာသော အိန္ဒိယမြေထုချပ် (Indian Plate) နှင့် အာရှနှင့် ဥရောပ ပါဝင်သော ယူရေးရှားမြေထုချပ် (Eurasa Plate) တို့ ထိတိုက်မိရာနေရာ (Convergent boundaries) တွင် တည်ရှိနေသည်။ ယင်းသို့ မြေထုချပ်ကြီးနှစ်ခု ထိတိုက်မိရာနေရာတွင် ဖိအားအလွန်မြင့် အသွင်ပြောင်း ရပ်ဝန်းဖြစ်တည်နေ၍ ကမ္ဘာတွင် ထူးခြားသည့် ကျောက်စိမ်း ဖြစ်ထွန်းမှုကို မြန်မာနိုင်ငံ၌ တွေ့ရခြင်းဖြစ်ပေသည်။

ဘူမိဗေဒဆိုင်ရာ သုတေသနတွေ့ရှိချက်များအရ ကမ္ဘာ့မြေထုချပ်ကြီးများ တိုက်မိရာနေရာတွင် ဖိအားအလွန်မြင့်မား၍ ကျောက်စိမ်းသည် ကီလိုမီတာ အလွန်နက်သော နေရာတွင် ဖြစ်ပေါ်ခဲ့သည်။ ယင်းမှ တစ်ဆင့် ဘေးတိုက်ဖိအားမြင့်မားမှုကြောင့် လျောတင်တွန်းထုတ်ခြင်း ခံရပြီး ကမ္ဘာ့အပေါ်ယံဘက်သို့ ရောက်ရှိလာခြင်းဖြစ်သည်။

၂၀၁၀ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲတွင် ပြည်ပ ရတနာကုန်သည်များ ကျောက်စိမ်းအတွဲများကို စိတ်ဝင်တစား ကြည့်ရှုလေ့လာခဲ့ကြစဉ်။

ဂျေဒိုက်ကျောက်စိမ်း တိုးဝင်ခြင်းခံရသော ဆာပင်တီနိုက်ကျောက်များသည်လည်း ဖိအားမြင့်အသွင်ပြောင်းခြင်း(High Pressure: metamorphism) ဒဏ်ကို ခံခဲ့ကြရသည်။ အဆိုပါ ဆာပင်တီနိုက်ကျောက်များ၏ ဘူမိသက်တမ်းကို (Late Creaceous-Early Eacene) လွန်ခဲ့သော နှစ်သန်းပေါင်း (၆၅)ဝန်းကျင်ဟု သတ်မှတ်ထားကြသည်။ ဤကဲ့သို့ ကမ္ဘာ့မြေထုချပ်ကြီးနှစ်ခု ထိတိုက်မိရာ(Collision)ကြောင့် တောင်တန်းများ မြင့်ကြွတက်မှုနှုန်းသည် အလွန်မြန်ဆန်၍ မြေပေါ်သို့ ပေါ်ထွက်လာသော ကျောက်စိမ်းအငုတ်အကြောကြီးများသည် ကျိုးပဲ့တိုက်စားခြင်းခံရပြီး အခြားကျောက်များနှင့်အတူ ပြန်လည်ပို့ချခြင်းခံရ၍ ကျောက်စိမ်း အတုံးကြီးများကို (Secondary Deposits) များအနေဖြင့် တွေ့ရှိတူးဖော်နေကြခြင်းဖြစ်သည်။ ကချင်ပြည်နယ် မြောက်ပိုင်းအပါအဝင် ဟိမဝန္တာ တောင်တန်းကြီး ဖြစ်ပေါ်နေခြင်းမှာလည်း ဤကမ္ဘာ့မြေထုချပ်ကြီးနှစ်ခု ထိတိုက်မိရာမှ ကျောက်လွှာများ တွန့်ခေါက် မြင့်တက်လာမှုကြောင့်ဖြစ်သည်။

ကျောက်စိမ်းဖြစ်ပေါ်မှု ရင်းမြစ်နှင့်ပတ်သက်၍ ရှေးယခင် သုတေသနပြုချက်များအရ ကျောက်စိမ်းသည် ဆိုဒီယမ်ကြွယ်ဝပြီး ဆီလီကာ

၂၀၁၀ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာ ပြပွဲတွင် ခင်းကျင်းပြသခဲ့သော မြန်မာ့ကျောက်စိမ်းကို တွေ့ရစဉ်။

လျော့နည်းသော ဂရင်းနစ်ဆန်သည့် ကျောက်ရည်ပူမှ တိုက်ရိုက်တိုးဝင်အေးခဲသော ဖြစ်စဉ်ဟုသတ်မှတ်ခဲ့ကြသည်။ အချို့ပညာရှင်များက ကျောက်စိမ်းဖြစ်ပေါ်ရာ ဝန်းကျင်တွင် ဖိအားမြင့် အသွင်ပြောင်းကျောက်ဖြစ်သော ဂလော်ကိုဖိန်းရှစ်ကျောက် (Glauco phane Schist) များ တွေ့ရှိရသည့် ဖြစ်စဉ်အပေါ်မူတည်၍ အယ်လဗိုက် (Albite) သို့မဟုတ် နက်ဖလင်း (Nepheline) တွင်းထွက်များမှ ဖိအားအလွန်မြင့်သည့် အခြေအနေတွင် အသွင်ပြောင်းခံရခြင်းဖြင့် ဂျေဒိုက်ကျောက်စိမ်း ဖြစ်ပေါ်နိုင်ကြောင်း တင်ပြခဲ့ကြသည်။

"မြန်မာ့ကျောက်စိမ်း ရဲ့ အရည်အသွေးကောင်းမှုက ကမ္ဘာ့ကျောက်စိမ်းဈေးကွက်မှာ မြန်မာနိုင်ငံကို ဘယ်နိုင်ငံကမှ မယှဉ်နိုင်တာပါပဲ"

ဒေါက်တာရဲမြင့်ဆွေ ညွှန်ကြားရေးမှူးချုပ် ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန

ခေါ်ဝေါ်လျက်ရှိ

မည်သို့ပင်ဆိုစေကာမူ ဂျေဒိုက်ကျောက်စိမ်းသည် ကမ္ဘာ့မြေထုချပ်နှစ်ခု ထိတိုက်မိရာ အနားစွန်း (Plate Convergent boundary) ရှိ ဖိအားအလွန်မြင့်သော (Collision Zone) တွင်သာ ဖြစ်ပေါ်နိုင်သည့်အတွက် ယနေ့ဘူမိသိပ္ပံပညာရှင်များက ဂျေဒိုက်ကျောက်စိမ်း တိုးဝင်ဖြစ်ပေါ်နေသော ဆာပင်တီနိုက်ကျောက်များကို Collisional Rock ဟူ၍ပင် ခေါ်ဝေါ်လျက်ရှိကြသည်။

ဂျေဒိုက်ကျောက်စိမ်းကို ဂွာတီမာလာနိုင်ငံ၊ အမေရိကန်ပြည်ထောင်စု ကယ်လီဖိုးနီးယား

"မြန်မာ့ကျောက်စိမ်း ရဲ့ အရည်အသွေး ကောင်းမှုက ကမ္ဘာ့ ကျောက်စိမ်းဈေးကွက်မှာ မြန်မာနိုင်ငံကို ဘယ်နိုင်ငံကမှ မယှဉ်နိုင်တာပါပဲ"

ဒေါက်တာရဲမြင့်ဆွေ ညွှန်ကြားရေးမှူးချုပ် ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန

ကျောက် (Glauco phane Schist) များ တွေ့ရှိရသည့် ဖြစ်စဉ်အပေါ်မူတည်၍ အယ်လဗိုက် (Albite) သို့မဟုတ် နက်ဖလင်း (Nepheline) တွင်းထွက်များမှ ဖိအားအလွန်မြင့်သည့် အခြေအနေတွင် အသွင်ပြောင်းခံရခြင်းဖြင့် ဂျေဒိုက်ကျောက်စိမ်း ဖြစ်ပေါ်နိုင်ကြောင်း တင်ပြခဲ့ကြသည်။

ခေါ်ဝေါ်လျက်ရှိ

မည်သို့ပင်ဆိုစေကာမူ ဂျေဒိုက်ကျောက်စိမ်းသည် ကမ္ဘာ့မြေထုချပ်နှစ်ခု ထိတိုက်မိရာ အနားစွန်း (Plate Convergent bound-

ary) ရှိ ဖိအားအလွန်မြင့်သော (Collision Zone) တွင်သာ ဖြစ်ပေါ်နိုင်သည့်အတွက် ယနေ့ ဘူမိသိပ္ပံပညာရှင်များက ဂျေဒိုက်ကျောက်စိမ်း တိုးဝင်ဖြစ်ပေါ်နေသော ဆာပင်တီနိုက်ကျောက်များကို Collisional Rock ဟူ၍ပင် ခေါ်ဝေါ်လျက်ရှိကြသည်။

ဂျေဒိုက်ကျောက်စိမ်းကို ဂွာတီမာလာနိုင်ငံ၊ အမေရိကန်ပြည်ထောင်စု ကယ်လီဖိုးနီးယားဒေသ၊ ဂျပန်နိုင်ငံနှင့် ရုရှားနိုင်ငံတို့၌ အနည်းငယ် တွေ့ရသော်လည်း အရည်အသွေးအရ လည်းကောင်း၊ ကျောက်စိမ်းသိုက် ဖြစ်ထွန်းမှု ပမာဏ အရွယ်အစားအရ လည်းကောင်း မြန်မာ့ကျောက်စိမ်းကို မယှဉ်နိုင်သည့်အပြင် ဈေးကွက်တွင်လည်း ယှဉ်ပြိုင်နိုင်ခြင်းမရှိချေ။

အဓိကအားသာချက်

သတ္တုတွင်းဝန်ကြီးဌာန ဘူမိဗေဒလေ့လာရေးနှင့် ဓာတ်သတ္တုရှာဖွေရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာရဲမြင့်ဆွေက "ကျောက်စိမ်းက မြန်မာနိုင်ငံမှာပဲ အကောင်းဆုံးနဲ့ အများဆုံးထွက်ရှိတော့ ဈေးကွက်တစ်ခုလုံးကို ချုပ်ကိုင်နိုင်တဲ့ အခွင့်အရေးမျိုးရှိတယ်။ တရုတ်နိုင်ငံလူဦးရေက ကမ္ဘာ့လူဦးရေရဲ့ ငါးပုံတစ်ပုံလောက်ရှိတာဆိုတော့ တရုတ်နိုင်ငံဈေးကွက်ရထားရင်ပဲ ကျောက်စိမ်းဈေးကွက်က တော်တော်ကျယ်ပြန့်နေပြီ။ အဓိက အားသာချက်က မြန်မာ့ကျောက်စိမ်းရဲ့ အရည်အသွေးကောင်းမှုက ကမ္ဘာ့ကျောက်စိမ်းဈေးကွက်မှာ မြန်မာနိုင်ငံကို ဘယ်နိုင်ငံကမှ မယှဉ်နိုင်တာပါပဲ" ဟု ပြောကြားသည်။

ဒေါက်တာ ရဲမြင့်ဆွေသည် ရန်ကုန်တက္ကသိုလ်တွင် ၂၀၀၄ ခုနှစ်က စီးပွားဖြစ်နှင့် သတ္တုတွင်း ဘူမိဗေဒဘာသာရပ်ဖြင့် ပါရဂူဘွဲ့ တင်သွင်းခဲ့သူဖြစ်ပြီး ဩစတြေးလျ၊ ဂျပန်၊ အမေရိကန်ပြည်ထောင်စုတို့သို့ ပညာတော်သင်သွားရောက်၍ ဓာတ်သတ္တုရှာဖွေရေးနှင့် သိပ္ပံသုတေသနဆိုင်ရာ သင်တန်းများ တက်ရောက်ခဲ့သူဖြစ်သည်။ ၂၀၀၇ ခုနှစ်မှ ၂၀၁၀ခုနှစ်အထိ ရန်ကုန်တက္ကသိုလ်ဘွဲ့လွန်အသုံးချ ဘူမိဗေဒဌာန၌ ပါမောက္ခ(ညွှန်ကြားရေးမှူး) အဖြစ် တာဝန်ထမ်းဆောင်ခဲ့သူလည်းဖြစ်သည်။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ သတ္တုတွင်းဝန်ကြီးဌာန မြန်မာ့ကျောက်မျက်ရတနာပြပွဲ ပြပွဲ ဗဟိုကော်မတီကကြီးမှူး၍ ၁၉၆၄ ခုနှစ်မှ စတင်ကာ မြန်မာ့ကျောက်မျက်ရတနာပြပွဲများ ကျင်းပပြီး မြန်မာ့

မြန်မာ့ကျောက်စိမ်းဖြင့် ပြုလုပ်ထားသော လက်ဝတ်ရတနာပစ္စည်းများကို တွေ့ရစဉ်။

ကျောက်စိမ်းကို ခင်းကျင်းပြသရောင်းချခဲ့ရာ ပြီးခဲ့သည့် ၂၀၁၀ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲအထိ (၄၇)ကြိမ်ရှိပြီဖြစ်သည်။

တန်ဖိုးထား

မြန်မာ့ကျောက်မျက် ရတနာပြပွဲများသို့ တက်ရောက်ကြသည့် ပြည်ပရတနာကုန်သည်များအနက် တရုတ်လူမျိုး ရတနာကုန်သည်များက အများဆုံးဖြစ်ပြီး ကျောက်စိမ်းကို အဓိကထား ဝယ်ယူရန် လာရောက်ကြခြင်း ဖြစ်သည်။ တရုတ်လူမျိုးများသည် မြန်မာနိုင်ငံမှထွက်ရှိသော ဂျေဒိုက်ကျောက်စိမ်းများကို ၁၈ ရာစုနှစ်များကပင် ဝယ်ယူတင်သွင်းခဲ့ကြသည်။ တရုတ်လူမျိုးများသည် ကျောက်စိမ်းကို

အခြားတန်ဖိုးအရှိဆုံး ကျောက်များနှင့် တန်းတူတန်ဖိုးထားကြပြီး ကျောက်များအားလုံး၏ အဓိပတိ အချုပ်အခြာ ကျောက်မျက်အဖြစ် မှတ်ယူကြသည်။

တရုတ်လူမျိုးများသည် ကျောက်စိမ်းကို ဆင်မြန်းသူတိုင်းတွင် သဒ္ဒါရက်ရောခြင်း၊ ရဲစွမ်းသတ္တိနှင့်ပြည့်စုံခြင်း၊ တရားမျှတသောစိတ်ဓာတ်ရှိခြင်း၊ မိမိကိုယ်မိမိ နှိမ့်ချသော နိဝါတတရားရှိခြင်း၊ အသိအလိမ္မာ ဉာဏ်ပညာနှင့် ပြည့်စုံခြင်း၊ ဘေးအန္တရာယ်ကင်းခြင်း၊ စီးပွားဥစ္စာတိုးတက်ခြင်းဟူသော ဂုဏ်အင်္ဂါများနှင့်ပြည့်စုံသည်ဟု အယူရှိကြသည်။ တရုတ်လူမျိုးများက ကျောက်စိမ်းသည် ကမ္ဘာမြေကြီးနှင့် ကောင်းကင်ဘုံကို ဆက်သွယ်ပေးနိုင်သော ရတနာအဖြစ် မှတ်ယူကြကာ "ကောင်းကင်ဘုံများ၏ကျောက်" (Stone of heavens) ဟု တင်စားပြောဆိုကြသည်။ သို့သော်လည်း တရုတ်နိုင်ငံတွင် ဂျေဒိုက်ကျောက်စိမ်း မထွက်ရှိဘဲ နက်ဖရိုက်ကျောက်စိမ်းသာ ထွက်ရှိသည်။

စံချိန်တင်

၂၀၁၀ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာပြပွဲကို နိုဝင်ဘာ ၁၇ ရက်မှ ၂၉ ရက်အထိ နေပြည်တော်ရှိ မြန်မာ့ကျောက်မျက်ရတနာပြတိုက်အနီး မဏိရတနာကျောက်စိမ်းခန်းမ၌ ကျင်းပခဲ့ရာ ပြည်တွင်း၊ ပြည်ပရတနာကုန်သည် ၆၇၅၀ တက်ရောက်ခဲ့ကြပြီး ကျောက်စိမ်းအတွဲပေါင်း(၇၇၈၄)တွဲကိုဝယ်ယူခဲ့ကြသည်။ နေပြည်တော်၌ ပထမဆုံးအကြိမ်ကျင်းပသည့် ပြပွဲဖြစ်သော်လည်း ပြည်ပရတနာကုန်သည်များသည် ကမ္ဘာပေါ်တွင် အကောင်းဆုံး အရည်အသွေးရှိသည့် မြန်မာ့ကျောက်စိမ်းကို ဈေးနှုန်းတန်ဖိုးအားဖြင့် ယခင်ပြပွဲများထက် စံချိန်တင် ဝယ်ယူခဲ့ကြလေသည်။

ယခုလက်ရှိ တူးဖော်ထုတ်လုပ်ရောင်းချနေသော မြန်မာ့ကျောက်စိမ်းတုံးအများစုမှာ ပင်ရင်းသိုက်မှ တိုက်စားပို့ချပြီး ဖြစ်ပေါ်လာသော Secondary Deposits များမှ ဖြစ်သည်။ နောင်အနာဂတ်တွင်လည်း မြန်မာ့ကျောက်စိမ်းကို ပြပွဲများကျင်းပ၍ ခင်းကျင်းပြသရောင်းချနိုင်ရေးအတွက် အတွေးအမြင်သစ်များဖြင့် ဘူမိဗေဒ စူးစမ်းရှာဖွေ တိုင်းတာရေးလုပ်ငန်းများ တိုးချဲ့ဆောင်ရွက်ပြီး ကျောက်စိမ်းသိုက်ဖြစ်ထွန်းရာ နေရာများကို ထပ်မံရှာဖွေ ဖော်ထုတ်သွားကြရမည်ဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။ ။

MRTV- 4 ရုပ်မြင်သံကြားအစီအစဉ်

၉-၃-၂၀၁၁ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၅:၀၀ MRTV-4အဖွင့် Logo ပဋ္ဌာန်းပါဠိတော်+ခန္ဓသုတ်၊ မောရသုတ်+ဝဋ္ဋသုတ်
- ၅:၂၀ MRTV-4 သတင်း
- ၅:၅၀ **ရှည်လျားတဲ့ဘဝသံသရာ** တရားတော် (ဆရာတော်ဦးဃောသိတ)
- ၆:၅၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မင်းအတွက်ဆိုရင်** (အပိုင်း-၃၇)
- ၇:၃၀ MRTV-4 သတင်း
- ၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အရိပ်စစ်** (အပိုင်း-၁၅၄)
- ၈:၄၀ Activities in the City [အထက(၂) မရမ်းကုန်း (စိန့်ဂျူစ်အကယ်ဒမီ)၏ အာစရိယပူဇော်ပွဲ]
- ၈:၅၅ စာအုပ်စာပေလူ့မိတ်ဆွေ (စာရေးဆရာမ ဒေါက်တာနိုက်တင်ဂေးလ်နှင့် တွေ့ဆုံဆွေးနွေးခန်း)
- ၉:၁၀ Industrial Talk ဒေါက်တာမျိုးသန့်တင်၊ ဒေါက်တာတင်အောင်ရွှေ (သုတေသီ)
- ၉:၄၀ အားကစားမြင်ကွင်းစုံ (ရွှေမင်းသားဖောင်ဒေးရှင်းရန်ပုံငွေ ခြေစမ်းပွဲကြိုတင်ပြင်ဆင်မှု အနေအထားများ) (သူထူးစံ၊ ဇာနည်၊ ဝေမင်းမောင်)
- ၁၀:၁၅ မျှော်လင့်ခြင်းခရီးစဉ် ဖြစ်ရပ်မှန်(၃) (အုမကြီးနှင့် အစာဟောင်းအိမ်ကင်ဆာ)
- ၁၀:၃၅ ဓာတ်ပုံထဲမှ အမှတ်တရများ (မေသူ)
- ၁၁:၀၅ သင်ယူလေ့လာဂီတပညာ (Part 13) (CLASSIC PIANO)
- ၁၁:၃၀ Activities in the City ဓာတ်ခွဲကျွမ်းကျင်(၃)ကျောင်းသား ကျောင်းသူဟောင်းများ၏ အာစရိယပူဇော်ပွဲ
- ၁၁:၅၀ MRTV -4 ကာတွန်းအစီအစဉ်
- ၁၂:၁၅ မင်းဘူး (စကု)မြို့နယ်မှ မန်းရွှေစက်တော်ဘုရားကြီး ခြေတော်ရာဖွင့်ပွဲအခမ်းအနား
- ၁၂:၃၅ သံသရာငြိမ်းအေး စတုမုခဖေယျ သိဒ္ဓိစေတီတော်ဗုဒ္ဓပူဇနိယပွဲတော်
- ၁:၀၀ **ရှည်လျားတဲ့ဘဝသံသရာ** တရားတော် (ဆရာတော်ဦးဃောသိတ)
- ၂:၀၀ MRTV-4 သတင်း
- ၂:၂၀ စကားနပန်း **သူငယ်ချင်းချင်းယောက်ဖတော်တာကောင်းတယ်၊ သူငယ်ချင်းချင်းယောက်ဖမတော်တာကောင်းတယ်**
- ၃:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မင်းအတွက်ဆိုရင်** (အပိုင်း ၃၇)
- ၄:၁၅ MRTV-4ရုပ်သံဇာတ်လမ်းတွဲ **အရိပ်စစ်** (အပိုင်း-၁၅၄)
- ၅:၀၀ Activities in the City (သဇင်၏ ထိပ်ဆုံးရဲ့ ထိပ်ဆုံးမှာ စီးရီးမိတ်ဆက်အခမ်းအနား)
- ၅:၂၅ ရန်ကုန်မြင်ကွင်းကျယ် Grand Wynn မိသားစုမှအများဆုံး ဖြန့်ဖြူးရောင်းချပေးတဲ့အရောင်း ကိုယ်စားလှယ်များနှင့်လုပ်ငန်းရှင်များအားဂုဏ်ပြုပွဲ
- ၅:၃၅ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၆:၀၀ MRTV-4 သတင်း
- ၆:၂၀ ရန်ကုန်မြင်ကွင်းကျယ် (တရုတ်နှစ်သစ်ကူးပွဲတော်ရီးရာခြင်္သေ့၊ နဂါးအကပြိုင်ပွဲဆုပေးပွဲ)
- ၆:၃၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မင်းအတွက်ဆိုရင်** (အပိုင်း-၃၈)
- ၇:၂၀ Cartoon Show Time (Dragon Hunters)
- ၈:၀၀ MRTV-4 သတင်း
- ၈:၃၀ နေချင်စဖွယ် အိမ်အလှဆင်ကြမယ် (ကီလီရိပ်သာလမ်းက ဝါးတန်းအိမ်ရာ)
- ၈:၅၀ Celebrity Style (ရန်ရန်ချန်းနှင့်ချီလီ)
- ၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **အရိပ်စစ်** (အပိုင်း-၁၅၅)
- ၁၀:၁၀ သင်ကြားရေးလမ်းညွှန် (AST Aung Seamanship Training Centre)
- ၁၀:၃၀ အန္တရာယ်ကင်းကွမ်းရွက်လိမ်းဆေး
- ၁၀:၅၀ World of Knowledge (Mega Fish)
- ၁၁:၄၀ မောမြေရဲ့ အမောပြေ (ရှမ်းပြည်နယ်တောင်ပိုင်း၊ လွိုင်လင်ခရိုင်)
- ၁၁:၄၅ **အသိစိတ်ကလေးအရင်းတည်၍** ဖြိုးငွေစိုး၊ ထက်ရှား၊ မိုးပြည့်ပြည့်မောင် (ဒါရိုက်တာ -ကြည်စိုး)
- ၁၂:၀၀ လှုပ်ရှားစုံစုံ မြန်မာ့သုခမဇာတ်ခုံ (သစ္စာမေတ္တာရွှေမန်းသဘင်) (အပိုင်း -၂)
- ၁၂:၃၀ ၄က်ပြတိုက် (လော်ကားဥယျာဉ်)
- ၁၂:၄၀ လှပချစ်စရာ လက်မှုအနုပညာ (Prety in Day & Night)
- ၁:၀၀ ခါတစ်လှည့်…လာလှည့်ပါ ဆိပ်ခွန်ရွာ…
- ၁:၂၀ Shooting Location (မျက်ခြယ်ခြံ)
- ၁:၄၅ စွမ်းအင်တို့ရဲ့နှီးစက် (ကခုန်ခြင်းနှင့်အားကစား)
- ၂:၀၅ ဒို့တိုင်းဌာနီ ဧရာဝတီ (ကြီးမားဖွံ့ထွား ဧရာဝတီရဲ့ငါး)
- ၂:၂၅ နှလုံးသားရဲ့ ခံစားမှုတိုင်းကို မှတ်တမ်းတင်စေမယ့် 7 Picture
- ၂:၅၀ ပြင်ဦးလွင်သို့ အလည်တစ်ခေါက်
- ၃:၀၀ ကဏ္ဍစုံလင် အားကစားအစီအစဉ်
- ၄:၀၀ ရိုးရာအစဉ်အလာ ယဉ်ကျေးမှုအဖြာဖြာ… ပုဂံမြို့ရဲ့ယွန်းပြတိုက်မှာ
- ၄:၂၀ လမ်းညွှန်ပေးစက် GPS
- ၄:၃၅ မြူခိုးဝေဝေ ပတ္တမြားမြေမှ ကြည်ညိုဖွယ်ရာဘုရားစေတီ
- ၄:၅၀ သမိုင်းထဲကမင်းကွန်း လင်းလွန်းသည့်သာသနာ
- ၅:၀၀ အစီအစဉ်ပြီး၏။

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက် တို့တွင် ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။ တောင်ကြီးမြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

ရေကြောင်းသတိပေးချက် ထုတ်ပြန်ကြေညာ

ရန်ကုန် မတ် ၈

မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်းနှင့် ရေနံရှာဖွေတူးဖော်ရေးလုပ်ငန်းများတွင် အကျိုးတူ ပူးပေါင်းဆောင်ရွက်လျက်ရှိသော PTTEP International Limited သည် ၂၀၁၀ ခုနှစ် မတ်လမှ မေလအတွင်း Nearshore Soil Investigation အတွက် Soil Boring Survey ကို တိုင်းတာရေးရေယာဉ်၊ LCT Sumber Carrier II ရေယာဉ်ဖြင့် BH-2 နေရာ၌ လည်းကောင်း၊ Jack-up Pontoon ရေယာဉ်ဖြင့် KP-228 နေရာနှင့် KP-227 -228 (1/3) နေရာတို့၌ လည်းကောင်း ဆောင်ရွက်ခဲ့ရာ LCT Sumber Carrier II ရေယာဉ်မှ မြေသားနမူနာယူသည့် တွင်းတူးပိုက်နှင့် Jack-up Pontoon မှ ခြေထောက်များကျန်ခဲ့သည်။

ဆောင်ရွက်

ဖော်ပြပါ မြေသားနမူနာယူသည့် တွင်းတူးပိုက်နှင့် Jack-up Pontoon မှ ခြေထောက်များအား ပြန်လည်ဆယ်ယူရေး လုပ်ငန်းများကို မုတ္တမကမ်းလွန် လုပ်ကွက်အမှတ် Block M-10 အတွင်းရှိ Nearshore Area ဖြစ်သော မော်ကြီးကျေးရွာအနီး တစ်ဝိုက်တို့တွင် တိုင်းတာရေး ရေယာဉ် MV Yar Za Hlan Tan ဖြင့် ၂၀၁၁ ခုနှစ် မတ် ၉ ရက်မှ ၃၁ ရက်အထိ ဆောင်ရွက်သွားမည် ဖြစ်သည်။

MV Yar Za Hlan Tan ရေယာဉ်ဖြင့် ဆယ်ယူရေးလုပ်ငန်း ဆောင်ရွက်မည့် တည်နေရာများမှာ အမှတ် A Point KP- 228 မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၃၁ မိနစ် ၅၆ ဒသမ ၁၀၈ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၅၅ မိနစ် ၁၅ ဒသမ ၄၆၄ စက္ကန့်၊ အမှတ် B: Point KP -227- 228 (1/3) မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၃၁ မိနစ် ၃၅ ဒသမ ၀၀၂ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၅၅ မိနစ် ၁၀ ဒသမ ၄၄၀ စက္ကန့်နှင့် အမှတ် C: Point BH-2 မြောက်လတ္တီတွဒ် ၁၄ ဒီဂရီ ၁၄ မိနစ် ၁၂ ဒသမ ၀၀၀ စက္ကန့်၊ အရှေ့လောင်ဂျီတွဒ် ၉၇ ဒီဂရီ ၄၁ မိနစ် ၃၃ ဒသမ ၁၆၇ စက္ကန့်တို့တွင် ဖြစ်သည်။

ကြေညာထား

သို့ဖြစ်၍ မုတ္တမကမ်းလွန် လုပ်ကွက်အမှတ် Block M-10 အတွင်းရှိ Nearshore Area ဖြစ်သော မော်ကြီးကျေးရွာအနီး တစ်ဝိုက်တို့တွင် မြေသား နမူနာယူသည့် တွင်းတူးပိုက်နှင့် Jack-up Pontoon မှ ခြေထောက်များ ပြန်လည်ဆယ်ယူခြင်းလုပ်ငန်းကို MV Yar Za Hlan Tan ရေယာဉ်ဖြင့် ဆောင်ရွက်နေစဉ် ကာလအတွင်း လုပ်ငန်းများ နှောင့်နှေးကြန့်ကြာမှု မဖြစ်ပေါ်စေရေး အတွက် ဖော်ပြပါလုပ်ငန်းခွင် သုံးခုလုံး၏ ဧရိယာမှ ၄ ကီလိုမီတာ ပတ်လည်အတွင်းအား ရေကြောင်း သတိပေးချက် (Notice to Mariner's) ထုတ်ပြန်ကြေညာထားပါ၍ သင်္ဘောကြီးငယ်များ၊ ကုန်တင်စက်လှေများ၊ ငါးဖမ်းသင်္ဘောများ၊ စက်တပ်သမ္ဗန်များ ဖြတ်သန်းသွားလာခြင်း၊ ကျောက်ချရပ်နားထားခြင်း၊ ငါးဖမ်းဆီးခြင်း၊ ငါးဖမ်းကိရိယာများ ချထားခြင်း၊ ငါးဖမ်းကိရိယာများ၏ အထောက်အကူပြုပစ္စည်းများ သွယ်တန်းချထားခြင်း မပြုလုပ်ကြရန် ငါးလုပ်ငန်းဦးစီးဌာနက အသိပေးကြေညာထားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကြပ်မတ်ဆောင်ရွက်

ရွှေသောင်ယံမြို့ ချောင်းသာကမ်းခြေတွင် မြို့နယ်စည်ပင်သာယာရေး အဖွဲ့ဝန်ထမ်းများ သန့်ရှင်းရေး နေ့စဉ်ဆောင်ရွက်နေမှုကို မတ် ၁ ရက်က မြို့နယ်တာဝန်ခံ ဦးနေမျိုးအောင် ကြပ်မတ်ဆောင်ရွက်စဉ်။

(မြို့နယ်စည်ပင်)

အာရှ-ပစိဖိတ်ဒေသ၌ လေယာဉ်အသစ်များ ဝင်းငရ ၈၅၆၀ ခန့် ဖြည့်ဆည်းရမည်

ဟောင်ကောင် မတ် ၈

အာရှ-ပစိဖိတ်လေကြောင်းလိုင်းများသည် လာမည့် နှစ် ၂၀ ကျော်ကာလအတွင်း ခရီးသည်များ လိုက်ပါစီးနင်းလာနိုင်မည့် ခန့်မှန်းအရေအတွက်အရ အမေရိကန်ဒေါ်လာ ၁ ဒသမ ၂ ထရီလီယံ တန်ဖိုးရှိသော လေယာဉ်အသစ်အစင်းရေ ၈၅၆၀ ခန့်အထိ ထပ်မံဖြည့်ဆည်း ပျံသန်းပြေးဆွဲကြရမည်ဖြစ်ကြောင်း၊ အထူးသဖြင့် မြောက်အမေရိကနှင့် ဥရောပခရီးစဉ်များတွင် ပိုမိုဖြည့်ဆည်းရဖွယ်ရှိကြောင်း လေကြောင်းလိုင်းဆိုင်ရာ လေ့လာသုံးသပ်ချက်တစ်ရပ်၌ မတ် ၇ ရက်ကဖော်ပြသည်။

အာရှ-ပစိဖိတ်လေကြောင်းလိုင်းများ၏ ပျံသန်းမှုများမှာ လာမည့် နှစ် ၂၀ကာလအတွင်း တစ်ကမ္ဘာလုံး လေကြောင်းခရီးသည်များ၏ သုံးပုံနှစ်ပုံခန့်ကို တင်ဆောင်ပျံသန်းနိုင်ဖွယ်ရှိပြီး အာရှ-ပစိဖိတ်ဒေသ၏ ခရီးသည်အားလုံးနီးပါးကို တင်ဆောင်ပျံသန်းပေးရဖွယ်ရှိသည်ဟု သုံးသပ်ထားသည်။ **(ဓါတ်ပုံ)**

ယခုအခါ အာရှပစိဖိတ်ဒေသအတွင်း လေကြောင်းခရီးသည်များ ပိုမိုစီးနင်းလာမှုနှင့် ကုန်စည်ပိုမိုပို့ဆောင်လာမှုအနက် ခရီးသည်များ စီးနင်းမှုသည် ကမ္ဘာတစ်ဝန်း ၇ရာခိုင်နှုန်း တိုးတက်လာခဲ့ရာ ၅ ဒသမ ၈ ရာခိုင်နှုန်းမှာ အာရှပစိဖိတ်ဒေသမှဖြစ်သည်။ ထို့အတူ ကမ္ဘာတစ်ဝန်း လေကြောင်းခရီးစဉ်ဖြင့် ကုန်စည်တင်ပို့မှုမှာ ၅ ဒသမ ၉ ရာခိုင်နှုန်း တိုးတက်ခဲ့ရာတွင် ၎င်းဒေသမှ ၄ ဒသမ ၈ ရာခိုင်နှုန်းအထိ တိုးတက်ခဲ့သည်။ ထို့ကြောင့် လာမည့် ဆယ်စုနှစ်နှစ်ခုအတွင်း ၎င်းဒေသတွင် လေယာဉ်များ လက်ရှိ၏ ၄၀ ရာခိုင်နှုန်း ထပ်မံ ဖြည့်ဆည်းရမည်ဖြစ်သည်။ **(အင်တာနက်)**

ကမ္ဘာ့ဈေးအကြီးဆုံး ပီကာဆိုပန်းချီကား လန်ဒန်မြို့၌ ပြသထား

လန်ဒန် မတ် ၈

ဗြိတိန်နိုင်ငံ လန်ဒန်မြို့ တိတ်မိုဒန်ပြခန်း၌ ကမ္ဘာ့ဈေးအကြီးဆုံး ပန်းချီကားကို မတ် ၇ ရက်က ပထမဆုံးအကြိမ်အဖြစ် ခင်းကျင်းပြသခဲ့သည်။

ယင်းပန်းချီကား**(အပေါ်ပုံ)**မှာ ပန်းချီကျော်ပီကာဆို၏ လက်ရာဖြစ်ပြီး ၁၉၃၂ ခုနှစ်က အောက်ဒိုးထွက်၍ ရေးဆွဲခဲ့သောပန်းချီကားဖြစ်သည်။ ပီကာဆို၏ ပန်းချီကားကို ၂၀၁၀ ခုနှစ်က အမေရိကန်နိုင်ငံ နယူးယောက်မြို့တွင် လေလံတင်ရောင်းချခဲ့ရာ အမေရိကန်ဒေါ်လာ ၁၀၆ ဒသမ ၅ သန်းရရှိခဲ့သည်။

ပြုလုပ်မည်

ပီကာဆို၏ ယခုပန်းချီကားကို ဗြိတိန်နိုင်ငံမှ အမည်မဖော်လိုသူ ပန်းချီကားစုဆောင်းသူ တစ်ဦးက ဝယ်ယူခဲ့ခြင်းဖြစ်ကာ ခိုးယူမှုမှကာကွယ်ရန် ၎င်းကိုယ်ပိုင်ပြခန်းအတွင်း လုံခြုံစွာ ထားရှိခဲ့ခြင်းဖြစ်သည်။

ပြောကြား

ယခုအခါ ဗြိတိန်ပြည်သူများ ကြည့်ရှုလေ့လာနိုင်ရန် လန်ဒန်မြို့ရှိ တိတ်မိုဒန်ပြခန်းသို့ ခေတ္တရွှေ့ပြောင်းကာ ပထမဆုံးအကြိမ် ထုတ်ဖော်ပြသခြင်းဖြစ်သည်ဟု တိတ်မိုဒန်ပြခန်းတာဝန်ခံ မစ္စတာ စီရိုတာက ပြောကြားသည်။ **(အင်တာနက်)**

တူရကီအတွက် ဂြိုဟ်တုနှစ်လုံး ဂျပန်နိုင်ငံ တည်ဆောက်ပေးမည်

အင်ကာရာ မတ် ၈

တူရကီနိုင်ငံက ၂၀၁၄ ခုနှစ်တွင် အာကာသသို့ ဂြိုဟ်တုနှစ်လုံး လွှတ်တင်နိုင်ရေးအတွက် ဂျပန်နိုင်ငံက ၎င်းဂြိုဟ်တုများကို တည်ဆောက်ပေးရန် တူရကီနှင့် ဂျပန်နှစ်နိုင်ငံတို့က သဘောတူလိုက်ကြကြောင်း မတ် ၇ ရက်၌ သတင်းထုတ်ပြန်သည်။

တူရကီနိုင်ငံအနေဖြင့် ၂၀၁၃ ခုနှစ်အကုန်တွင် တာ့ဆက် ၄-အေကို အာကာသသို့ လွှတ်တင်မည်ဖြစ်ပြီး ၂၀၁၄ခုနှစ်၌ တာ့ဆက် ၄-ဘီ ဂြိုဟ်တုကို လွှတ်တင်ရန် စီစဉ်ထားသည်။

လွှတ်တင်

၎င်းဂြိုဟ်တု နှစ်လုံးကို အာကာသအတွင်း နှစ် ၃၀ ခန့်ကြာအောင် လွှတ်တင်ထားမည်ဖြစ်သည်။

ယခုအခါ တူရကီအင်ဂျင်နီယာများကလည်း ဂျပန်နိုင်ငံမှ မစ်ဆူဘီရှိ ကုမ္ပဏီနှင့် ပူးတွဲကာ တာ့ဆက် ၅-အေ ဂြိုဟ်တုကို ပူးတွဲတည်ဆောက်လျက်ရှိသည်။

ပေါ်လာ

တူရကီ အာကာသအေဂျင်စီနှင့် ဂျပန်အာကာသအေဂျင်စီတို့အကြား ပူးပေါင်းဆောင်ရွက်မှုမှာ လာမည့် နှစ်၌ အကောင်အထည် ပေါ်လာမည်ဖြစ်သည်။

သိရ

တူရကီနိုင်ငံသည် လက်ရှိအချိန်၌ တာ့ဆက် ၂-အေနှင့်တာ့ဆက် ၃-အေ ဂြိုဟ်တုနှစ်လုံးကို လွှတ်တင်ထားကြောင်းသိရသည်။

အသုံးပြုနိုင်

ပြီးခဲ့သည့် ၂၀၁၀ ခုနှစ်က တာ့ဆက် ၁-စီအမည်ရှိ ဂြိုဟ်တု တစ်လုံးကို ၁၄ နှစ်ကြာ အသုံးပြုနိုင်ရန် အာကာသသို့ လွှတ်တင်ထားသည်။

(အင်တာနက်)

မြန်မာ့အလင်း နောက်ဆုံးရနိုင်ငံတကာသတင်း

➤ မိုးမြင့်လင်းလက် - ရေးသားသည် ➤

ဟာဝိုင်ယီရှိ မီးတောင်ပေါက်ကွဲပြီး ချော်ရည်ပူများ စီးဆင်း

ကီလာဟူအီရာ မတ် ၈

အမေရိကန်နိုင်ငံ ဟာဝိုင်ယီပြည်နယ်ရှိ ကီလာဟူအီရာမီးတောင်သည် မတ် ၅ ရက်က စတင်လှုပ်လာပြီး မီးခိုးနှင့်ပြာမှုန်များ ဝေဟင်အမြင့် ၆၅ ပေအထိ မှုတ်ထုတ်နေခဲ့ရာမှ ယခုအခါ မီးတောင်ပေါက်ကွဲမှု ဖြစ်ပွားပြီး ချော်ရည်ပူများ မီးစွယ်များနှင့်အတူ ထွက်ပေါ်စီးကျလျက်ရှိကြောင်း အမေရိကန်အရာရှိများက ပြောကြားသည်။ **(အောက်ပုံ)**

ကီလာဟူအီရာမီးတောင်သည် ယခုအခါ ပေါက်ကွဲကာ ချော်ရည်ပူများ မီးတောင်ထိပ်ပိုင်းနေရာမျိုးစုံမှ ဆူပွက်စီးဆင်းနေပြီဖြစ်သည်။

၎င်းမီးတောင်သည် လွန်ခဲ့သော ၁၉၈၃ ခုနှစ် ဇန်နဝါရီ ၃ ရက်က ပေါက်ကွဲမှုဖြစ်ပွားခဲ့ဖူးသည့် မီးတောင်တစ်လုံးဖြစ်သည်။ ယင်းမီးတောင် ဝန်းကျင်တွင် မကြာမီရက်ပိုင်းက ၂၄နာရီအတွင်း ငလျင်ငယ်အကြိမ် ၁၅၀ခန့် လှုပ်ခဲ့ပြီးနောက် မီးတောင်လှုပ်ရှားလာပြီး ပေါက်ကွဲမှု ဖြစ်ပေါ်လာခြင်းဖြစ်သည်။ မီးတောင်ပေါက်ကွဲရာ အနီးဝန်းကျင်သို့ ကမ္ဘာလှည့်ခရီးသည်များနှင့် ဒေသခံများ ဖြတ်သန်းသွားလာခြင်းမပြုရန် တားမြစ်ချက်ထုတ်ပြန်ထားသည်။

(အင်တာနက်)



ရီဆော့ဆက်-၂ ဂြိုဟ်တု အိန္ဒိယလွှတ်တင်မည်



နယူးဒေလီ မတ် ၈

အိန္ဒိယနိုင်ငံက ရီဆော့ဆက်-၂ အမည်ရှိ ဂြိုဟ်တုတစ်လုံးကို လာမည့်ဧပြီလတွင် အာကာသသို့ လွှတ်တင်မည်ဖြစ်ကြောင်း၊ ကမ္ဘာ့မျက်နှာပြင်၌ ဖြစ်ပေါ်နေသော ရာသီဥတုဆိုင်ရာနှင့် ဂေဟစနစ်ပြောင်းလဲမှုများကို သတင်းအချက်အလက် ထုတ်ပြန်ရာတွင် အထောက်အကူပေးသွားရန်ဖြစ်ကြောင်း အိန္ဒိယမီဒီယာများတွင် မတ် ၈ ရက်၌ ဖော်ပြသည်။ **(အပေါ်ပုံ)**

အိန္ဒိယအာကာသ သုတေသနအဖွဲ့ (အိုင်အက်စ်အာအို)က ၎င်းဂြိုဟ်တုကို အင်ဒရာပရာဒေ့ရှ်ပြည်နယ် တောင်ပိုင်း ဆရီဟာရီကိုတာ အာကာသယာဉ်လွှတ်တင်ရေးစခန်းက လွှတ်တင်မည်ဖြစ်ကြောင်း အိန္ဒိယတိုင်းမ်သတင်းစာက ဖော်ပြသည်။

ထို့အတူ ယုဆက်နှင့် အိတ်ချ်ဆက်ဂြိုဟ်တုနှစ်လုံးကိုလည်း ရီဆော့ဆက်-၁ ဂြိုဟ်တုလွှတ်တင်ပြီး နောက်ပိုင်း ဆက်လက်လွှတ်တင်သွားမည်ဖြစ်သည်။ ယခုရီဆော့ဆက် -၂ ဂြိုဟ်တုကို နောက်ဆုံးအဆင့် ပြင်ဆင်မှုများ ပြုလုပ်လျက်ရှိသည်။

ရီဆော့ဆက်-၂ ဂြိုဟ်တုလွှတ်တင်ရေးအတွက် ဧပြီလအတွင်း၌ ရက်အတိအကျ မသတ်မှတ်ရသေးကြောင်း၊ သစ်တောဆိုင်ရာ၊ မြေဆီလွှာဆိုင်ရာ၊ ဇီဝဗေဒဆိုင်ရာ အချက်အလက်များ မှတ်တမ်းတင်ရန် ကင်မရာများလည်း တပ်ဆင်လျက်ရှိကြောင်း သတင်း၌ဖော်ပြသည်။ **(အင်တာနက်)**

အိုအေစစ်ဟိုတယ် ဖွင့်ပွဲအခမ်းအနားကျင်းပ အိပ်ခန်းပေါင်း ၃၈ ခန်းဖြင့် ဖွဲ့စည်းတည်ဆောက်ထား

နေပြည်တော် မတ် ၈

အိုအေစစ်ဟိုတယ် (The OASIS Hotel) ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက် ၇ နာရီ မိနစ် ၂၀ တွင် နေပြည်တော်ဟိုတယ်ဇုန်ရှိ အဆိုပါ ဟိုတယ်မျက်နှာစာ၌ ကျင်းပရာ ဖွင့်ပွဲအခမ်းအနားသို့ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဖွင့်လှစ်ပေး

ရှေးဦးစွာ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး နေပြည်တော်မြို့တော်ဝန် ဦးသိန်းညွန့်၊ ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာန ဝန်ကြီး ဦးစိုးနိုင်နှင့် Palm Tree Co.,Ltd. ဥက္ကဋ္ဌ ဦးဝင်းအောင်တို့က အိုအေစစ်ဟိုတယ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ဆက်လက်၍ ဝန်ကြီး ဦးသိန်းညွန့်က Chinese Restaurant ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

လှည့်လည်ကြည့်ရှု

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသော အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် ဖိတ်ကြားထားသောဧည့်သည်တော်များသည် အိုအေစစ်ဟိုတယ်အတွင်း လှည့်လည်ကြည့်ရှုကြသည်။

အဆိုပါ အိုအေစစ်ဟိုတယ်ကို မြေအကျယ်အဝန်း ၂၄ ဧကပေါ်၌ တည်ဆောက်ထားပြီး အိပ်ခန်းပေါင်း ၃၈ ခန်းဖြင့် ဖွဲ့စည်းတည်ဆောက်ထားသည်။ အိပ်ခန်း ၃၈ ခန်းတွင် Suite Room ၂၂ ခန်းနှင့် Deluxe Room ၁၆ ခန်းတို့ ပါဝင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ဖဲကြိုးဖြတ် ဖွင့်လှစ်

ဝန်ကြီး ဦးသိန်းညွန့်၊ ဝန်ကြီး ဦးစိုးနိုင်နှင့် Palm Tree Co.,Ltd. ဥက္ကဋ္ဌ ဦးဝင်းအောင်တို့ အိုအေစစ် ဟိုတယ်ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြစဉ်။ (သတင်းစဉ်)

မိုးကြိုဂုန်လျှော်/ချဉ်ပေါင်လျှော် စိုက်ပျိုးရေးနှိုးဆော်ချက်

၁။ စိုက်ပျိုးရာသီချိန်အမီ စိုက်ပျိုးပါ။ မိုးကြိုဂုန်လျှော်ကို ဖေဖော်ဝါရီလလယ်မှ ဧပြီလကုန်အထိလည်းကောင်း၊ မိုးကြိုချဉ်ပေါင်လျှော်ကို မတ်လလယ်မှ ဧပြီလကုန်အထိလည်းကောင်း အပြီးစိုက်ပျိုးပါ။

၂။ ထယ်ရေးနက်နက်နှင့် ထွန်ရေးညက်ညက်ရအောင် ဆောင်ရွက်ပါ။

၃။ မြေခံမြေဩဇာကို မဖြစ်မနေ ထည့်သွင်းသုံးစွဲပါ။ မြေခံမြေဩဇာအဖြစ် တစ်ဧကလျှင် သဘာဝမြေဩဇာ လှည်း ငါးစီးမှ ၁၀ စီးအထိ လည်းကောင်း၊ ယူရီးယားဓာတ်မြေဩဇာအနည်းဆုံး ၂၅ ကီလိုနှင့် ပိုတက်ရှ်မြေဩဇာ ၁၂ ဒသမ ၅ ကီလို ထည့်သွင်းသုံးစွဲပါ။

၄။ စိုက်ပျိုးရေ ပြည့်ပြည့်ဝဝ တင်သွင်းပါ။ ရေတင်သွင်းရာတွင် အောက်ရေဆက်သည်အထိ ပြည့်ပြည့်ဝဝ တင်သွင်းပါ။

၅။ မျိုးကောင်းမျိုးသန့် ရွေးချယ်စိုက်ပျိုးပါ။ အပင်ပေါက် ရာခိုင်နှုန်း ၈၀ နှင့်အထက်ရှိသောမျိုးများကို ဂုန်လျှော်တစ်ဧကလျှင် မျိုးစေ့ နှစ်ပြည်နှုန်း၊ ချဉ်ပေါင်လျှော် တစ်ဧကလျှင် မျိုးစေ့လေးပြည်နှုန်း သုံးစွဲပါ။

၆။ ချဉ်ပေါင်လျှော် မျိုးစေ့များအား မစိုက်မီ ၃၄ ရက် နေလှန်းပြီးမှ စိုက်ပျိုးပါ။

၇။ အစိုဓာတ် အချိန်မီအောင် စိုက်ပျိုးပါ။ မျိုးစေ့ချ စိုက်ပျိုးရန်အတွက် မြေအစိုဓာတ် သင့်တင့်ချိန်တွင် စိုက်ထွန်ရေးဖြင့် ထွန်ယက်၍ စိုက်ပျိုးပြီး ကြမ်းဖုံးပါ။

၈။ ပိုးမွှားအန္တရာယ် ကာကွယ်နှိမ်နင်းပါ။ ပုရစ်အန္တရာယ်မှကင်းစေရန် စိုက်ခင်းအနီးရှိ အမှိုက်သရိုက်များကို မီးရှို့ဖျက်ဆီးပါ။ ပုရစ်ကျရောက်မည့် အန္တရာယ်ရှိပါက မျှားစာ အဆိပ်တုံးပြုလုပ်၍ စိုက်ခင်း ပတ်ပတ်လည်နှင့် ကွင်းအတွင်းတွင် ချထားပါ။

၉။ နည်းပညာနှင့် အကူအညီရယူလိုပါက နီးစပ်ရာ ဂုန်လျှော်နှင့်လျှော်မျှင်များလုပ်ငန်းဌာန၏ ဒေသရုံးများနှင့် ဆက်သွယ်အကူအညီရယူပါ။

လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန

အိုအေစစ်ဟိုတယ် (The OASIS Hotel) ကို တွေ့ရစဉ်။ (သတင်းစဉ်)

မီးဖိုသုံးလျှင်

(က) သုံးစွဲပြီးပါက မီးကြွင်းမီးကျန် မရှိပါစေနှင့်။

(ခ) မီးဖိုအနီးမှာ လူစောင့်အမြဲထားပါ။

(ဂ) မီးဖိုအနီး လောင်စာဆီမထားပါနှင့်။

(ဃ) အိုမင်းမစွမ်းသူများနှင့် ကလေးသူငယ်များကို မီးမွှေးခြင်း၊ ထမင်းချက်ခြင်း၊ ရေနွေးကျိုခြင်းများ မပြုလုပ်ခိုင်းပါနှင့်။

(င) သုံးစွဲပြီးလျှင် မီးကြွင်းမီးကျန်မရှိအောင် စနစ်တကျစစ်ဆေးပါ။

(စ) အခါအားလျော်စွာ သတ်မှတ်ထားသည့် မီးသုံးစွဲချိန်များကို လိုက်နာပါ။

(ဆ) မီးဖိုနံဘေးတွင် လုံလောက်သော အကာအရံထားရှိပြီး သဲပုံး၊ ရေပုံးများထားပါ။

(မီးသတ်ဦးစီးဌာန)

STI Education က ပြည်ပပညာရေးဆိုင်ရာ ဝန်ဆောင်ပေးလျက်ရှိ

ရန်ကုန် မတ် ၈

STI Education သည် ဩစတြေးလျ၊ အမေရိကန်၊ ကနေဒါ၊ အင်္ဂလန်နှင့် စင်ကာပူနိုင်ငံတို့ရှိ တက္ကသိုလ်များနှင့် Institute များ၌ မြန်မာပြည်ဆိုင်ရာ တရားဝင်ကိုယ်စားလှယ်အဖြစ် ပြည်ပပညာရေးဆိုင်ရာ အသက်မွေးဝမ်းကျောင်း အမျိုးမျိုးကို အကြံပေးခြင်း၊ ဆွေးနွေးခြင်း၊ ဝန်ဆောင်မှုအမျိုးမျိုး ဆောင်ရွက်ပေးလျက်ရှိသည်။ ယင်းသို့ ဝန်ဆောင်မှုများပေးရာ၌ ကျောင်းသားများ၏ စိတ်ပါဝင်စားသည့် ဘာသာရပ်များ ရွေးချယ်ပေးခြင်း၊ Career Destination များ ဆွေးနွေးပေးခြင်းနှင့် စိတ်ပါဝင်စားသည့် ဘာသာရပ်များ သင်ကြားနိုင်ရန် စီစဉ်လျက်ရှိခြင်းဖြစ်သည်။

သင်ကြားနိုင်

ယင်းသို့ သင်ကြားရာ၌ ဩစတြေးလျနိုင်ငံတွင် Griffith University, Australian National University, University of Sydney, University of Technology Sydney, University of Wollongong, Australian College of Applied Psychology (ACAP), Australian College of English(ACE),Australian TESOL Training Centre (ATTC), Centre of English Language in the University of South Australia (CELUSA), Curtin International College (CIC), Curtin University of Technology Sydney, Macquarie City Campus (MQC), Melbourne Institute of Business and Technology (MIBT), Navitas College of Public Safety (NCPS), Newcastle International College (NIC), Perth Institute of Business & Technology (PIBT), Queensland Institute of Business & Technology (QIBT), South Australia Institute of Business & Technology (SAIBT), Sydney Institute of Business & Technology (SIBT)၊ ကနေဒါနိုင်ငံတွင် Farser International College (FIC), International College of Manitoba (ICM)၊ အင်္ဂလန်နိုင်ငံတွင် Cambridge Ruskin International College (CRIC), Hertfordshire International College of Business & Technology (HIBT), International College Portsmouth (ICP), International College Wales Swansea (ICWS), London International College of Business & Technology (LIBT), Plymouth Devon International College (PDIC)၊ အမေရိကန်နိုင်ငံတွင် Lamar University, University of Massachusetts Lowell (UM ass Lowell), University of Massachusetts Boston (UM ass Boston), University of Massachusetts Dartmouth (UM ass Dartmouth), WKU - Western Kentucky University (WKU)၊ စင်ကာပူနိုင်ငံတွင် Cutrtin Singapore, Singapore Institute of Materials Management (SIMM), Singapore Human Resources Institute (SHRI) တို့ဖြစ်သည်။

ဘာသာရပ်

သင်ကြားနိုင်မည့် ဘာသာရပ်များအနေနှင့် Accounting, Arts, Bioscience, Built Environment, Business/ Commerce, Computing / Information Technology, Criminology and Criminal Justice, Design, E- Commerce, Engineering, Graphic Design, Health Sciences & Nursing, Hotel Management, Law, Marketing, Mass Communications, Physical Sciences, Logistics & Supply Chain Management, Human Resources Management တို့ဖြစ်သည်။

လျှောက်ထားနိုင်

စိတ်ပါဝင်စားသူများအနေဖြင့် STI Education တည်ရှိရာ အမှတ် (၃၇၇) ရွှေဘုံသာ(အထက်)လမ်း ပန်းဘဲတန်းမြို့နယ်သို့ လည်းကောင်း၊ အဆောင်(၄) အခန်း(၇) Myanmar Info- Tech လှိုင်မြို့နယ်သို့ လည်းကောင်း ဖုန်း- ၅၀၇၀၄၈နှင့် ၅၀၇၁၅၁ တို့သို့ စုံစမ်းမေးမြန်းလျှောက်ထားနိုင်ကြောင်း သိရသည်။ **(သတင်းစဉ်)**

မြေမှန် မျိုးမှန် စိုက်နည်းမှန်ဖြင့် အောင်မြင်ဖြစ်ထွန်းနေသော မိုးညှင်းမြို့နယ်မှ ဆင်းကေရီ-၃ မျိုးသန့်စပါးများ

သတင်းဆောင်းပါးနှင့် ဓာတ်ပုံမှတ်တမ်း–သတင်းထောက် မျိုးအောင် (မိုးညှင်း)

နေပြည်တော် မတ် ၈

နိုင်ငံတစ်ဝန်း တိုင်းဒေသကြီးများနှင့် ပြည်နယ်အသီးသီး၌ မြန်မာ့လယ်ယာကဏ္ဍ ထုတ်ကုန်များ ပိုမိုစိုက်ပျိုးတိုးတက်ထုတ်လုပ်နိုင်ပြီး အဓိကကျသည့် ဆန်စပါး ဖူလုံပိုလျှံလာစေရန် နည်းပေါင်းစုံဖြင့် ဖော်ထုတ်ကြိုးပမ်းလျက်ရှိသည်။

မွေးမြူထုတ်လုပ်

စပါးသီးနှံများ ပိုမိုဖြစ်ထွန်းအောင်မြင်စေရန် တိုင်းဒေသကြီးများနှင့် ပြည်နယ်များတွင် ဒေသစိုက်ပျိုးရေးသုတေသနခြံ ၂၄ခြံကို တည်ထောင်၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးသုတေသနဦးစီးဌာန ရေဆင်းရှိ မျိုးသန့်စပါးသီးနှံ မျိုးစေ့ဌာနခွဲက ဒေသနှင့်ကိုက်ညီသော စပါးသီးနှံ အရည်အသွေးကောင်း စပါးမျိုးများကို ထုတ်လုပ်ပေးလျက်ရှိကြောင်း သိရသည်။

အဆိုပါ ဒေသစိုက်ပျိုးရေးသုတေသနခြံ ၂၄ခြံတွင် ကချင်ပြည်နယ် မိုးညှင်းခရိုင် မိုးညှင်းမြို့နယ် အင်ကြင်းကုန်းကျေးရွာ အုပ်စု၌ရှိသော စိုက်ပျိုးရေး သုတေသနခြံလည်း တစ်ခုအပါအဝင်ဖြစ်သည်။

မြေမှန် မျိုးမှန် စိုက်နည်းမှန်နဲ့ ကြိုးစားလုပ်ကိုင်ရင် မုချစပါးအထွက်ကောင်းမှာ ဖြစ်ပါတယ်လို့ပြောပြတဲ့ တောင်သူဦးအောင်ဗလ။

လေ့လာမိ

မိုးညှင်းစိုက်ပျိုးရေးသုတေသနခြံတွင်ဆောင်ရွက်နေသော ရည်ရွယ်ချက်မှာ(၁)ရေမြေဒေသနှင့် ကိုက်ညီ၍ အထွက်နှုန်းနှင့် အရည်အသွေးကောင်းသည့်စပါးမျိုးများ မွေးမြူရွေးချယ်ထုတ်လုပ်ရန်၊ (၂)ဒေသနှင့် သင့်လျော်သည့် စိုက်ပျိုးရေးနည်းစနစ်များ၊ အခြေခံ သီးနှံပုံစံများ စမ်းသပ်ရှာဖွေ ဖော်ထုတ်ရန်၊(၃) သီးနှံမျိုးကောင်းမျိုးသန့်နှင့် စိုက်ပျိုးရေးနည်းပညာများ ဖြန့်ဖြူးရန်ဟူ၍ ဖြစ်သည်။ မိုးညှင်းစိုက်ပျိုးရေးသုတေသနခြံသည် စိုက်ပျိုးရေးသုတေသနဦးစီးဌာန ရေဆင်းရှိ စပါးသီးနှံဌာနခွဲနှင့် ပူးပေါင်း၍ မျိုးသန့်အဆင့်ဆင့်ပွားများမှ အစီအစဉ်အရ ရေမြေဒေသနှင့် ကိုက်ညီသော၊ အထွက်နှုန်းကောင်းသော၊ အရည်အသွေးကောင်းသော ဆင်းကေရီ-၃ စပါးမျိုးသန့်များ ကြိုးစားထုတ်လုပ်ပေးလျက်ရှိရာ မိုးညှင်းစိုက်ပျိုးရေးသုတေသနခြံမှ ၂၀၀၅-၂၀၀၆ ခုနှစ်ကစတင်ကာ တောင်သူများအား ဆင်းကေရီ-၃ စပါးမျိုးသန့်များကို နှစ်စဉ်ထုတ်လုပ်ဖြန့်ပေးခဲ့ကြောင်း လေ့လာမိသည်။

ကချင်ပြည်နယ်သည် မြန်မာနိုင်ငံ၏ စတုတ္ထစပါးကျီဖြစ်ရန် ရည်မှန်းချက်ဖြင့် ဆောင်ရွက်လျက်ရှိသည်။ မြန်မာနိုင်ငံ၏ စတုတ္ထစပါးကျီအဖြစ် ရည်မှန်းချက်များအောင်မြင်နိုင်စေရန် မိုးညှင်းခရိုင် မိုးညှင်းမြို့နယ်မှ ဌာနဆိုင်ရာများနှင့် တောင်သူများ ပိုမို အားသွန်ခွန်စိုက်ဆောင်ရွက် ကြိုးပမ်းလျက်ရှိသည်။ ရေမြေဒေသနှင့် ကိုက်ညီသော ဆင်းကေရီ-၃ စပါး မျိုးသန့်များကို ပိုမိုအားဖြည့်စိုက်ပျိုးခဲ့၍ ၂၀၁၀-၂၀၁၁ မိုးလေဝသ ရာသီဥတုအခြေအနေမှာ ပုံမှန်မဖြစ်ခဲ့သော်လည်း မိုးညှင်းမြို့နယ် ရေတော် မိုးတော်စပါး စိုက်ပျိုးထုတ်လုပ်ရေးကွန်ရက်တွင် နည်းမှန်စိုက်ပျိုးခြင်းနှင့် အထွက်ကောင်း စပါးများကိုသာ စိုက်ပျိုးခဲ့ခြင်းကြောင့် စပါးသီးနှံ ဖွံ့ထွားအောင်မြင်မှုအထွက်နှုန်းမှာ ပျမ်းမျှ ၇၇ ဒသမ ၀၇ ရာခိုင်နှုန်းအထိ ရှိခဲ့သည်။ ထို့ကြောင့် မြို့နယ်ပြည်သူများ စားသုံးမှုဖူလုံပြီး ပိုလျှံလျက်ရှိနေသည်ကိုလည်း လေ့လာသိရှိရသည်။

ထည့်သွင်းစိုက်ပျိုး

မိုးညှင်းမြို့နယ် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းသည် တစ်ဧကအထွက်နှုန်းတိုးရေးအတွက် ဒေသရာသီဥတုနှင့် သင့်လျော်ပြီး ဗီဇမှန်ကန်သည့်မျိုးများကိုစိုက်ပျိုးထုတ်လုပ်ရန် လိုအပ်သည်နှင့်အညီ မိုးညှင်းစိုက်ပျိုးရေးသုတေသနခြံမှ စပါးမျိုးသန့်များကို အင်ကြင်းကုန်းကျေးရွာအုပ်စု မရင်းကုန်းကျေးရွာ ကွင်းအမှတ် (၃၁၇)တွင် မျိုးသန့်စံပြရွာတည်ထောင်၍ မျိုးသန့်အဆင့် (၂)ရှိ ဆင်းကေရီ -၃ စပါးကို စိုက်ပျိုး ထုတ်လုပ်လျက်ရှိသည်။ မြို့နယ်အတွင်း စိုက်ပျိုးလယ်မြေတွင် ဆင်းနွယ်ရင်နှင့် ရွှေရင်အေးစပါးမျိုးကိုလည်း ထည့်သွင်းစိုက်ပျိုးလျက်ရှိကြောင်း သိရသည်။

မြို့နယ်မြန်မာ့စိုက်ပျိုးရေး လုပ်ငန်းတွင် မြို့နယ်မန်နေဂျာ ဦးထင်အောင်ဇော်နှင့် ကြီးကြပ်ရေးမှူး၊ လက်ထောက်ကြီးကြပ်ရေးမှူး၊ အကြီးတန်းစာရေး၊ အငယ်တန်းစာရေး၊ လုပ်သားမှူး၊ လုပ်သားအပါအဝင် စုစုပေါင်း ၅၅ဦးဖြင့် ဆောင်ရွက်လျက်ရှိသည်။ ဒေသစိုက်ပျိုးရေးတာဝန်ခံ ဦးမြင့်သန်းက မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းအနေဖြင့် မျိုးသန့်စံပြရွာများ တည်ထောင်၍ ဆင်းကေရီ-၃ မျိုးသန့်ပွားခြင်း၊ ဒိုချက်ကင် သဘာဝမြေဩဇာသုံးစွဲရန် စည်းရုံးပညာပေးခြင်း၊ ဓာတ်မြေဩဇာ စနစ်တကျ သုံးစွဲနိုင်ရေးဆောင်ရွက်ခြင်း၊ စပါးအထွက်နှုန်းတိုးရန်အတွက် တောင်သူများအား ပညာပေးခြင်းတို့ကို မြို့နယ်မန်နေဂျာနှင့် ဒေသကွင်းတာဝန်ခံများက ကွင်းဆင်း ဆောင်ရွက်ပေးလျက်ရှိပါကြောင်း စာရေးသူအားပြောပြသည်။

မိုးညှင်းစိုက်ပျိုးရေးသုတေသနခြံ ဆင်းကေရီ -၃ စပါးမျိုးသန့်သီးနှံများကို ခရိုင်စိုက်ပျိုးရေးမန်နေဂျာ ဦးအေးမြင့်မောင်နှင့် မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးကျော်မြင့်လှိုင်တို့ စိတ်ဝင်တစား လေ့လာစဉ်။

လွန်ခဲ့သည့် ၂၀၁၀ခုနှစ် အောက်တိုဘာလက မိုးစပါးစိုက်ပျိုးရာသီတွင် မိုးညှင်းစိုက်ပျိုးရေးသုတေသနခြံ၌ကျင်းပသော မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း မြို့နယ်တာဝန်ရှိဝန်ထမ်းများ၊ စိုက်ပျိုးရေးသုတေသန လုပ်ငန်းရှိ ဝန်ထမ်းများ၊ စပါးစိုက်ပျိုးတောင်သူများတွေ့ဆုံ၍ စိုက်ပျိုးရေးနည်းပညာဆွေးနွေးပွဲနှင့်သီးနှံသရုပ်ပြပွဲသို့ သတင်းတာဝန်ဖြင့် တက်ရောက်ဖြစ်ခဲ့သည်။

သီးနှံသရုပ်ပြပွဲတွင် ဆင်းကေရီ-၃ မျိုးသန့်စပါးဖြင့် တစ်ဧကတင်း တစ်ရာကျော်နှုန်း ထွက်ရှိအောင်မြင်နေသူ မိုးညှင်းမြို့နယ် အင်ကြင်းကုန်းကျေးရွာမှ တောင်သူဦးအောင်ဗလနှင့် တွေ့ဆုံခဲ့သည်။ တောင်သူ ဦးအောင်ဗလက "လယ်ကို မိရိုးဖလာ လုပ်ကိုင်ခဲ့ပါတယ်။ မျိုးစပါးအမျိုးစုံ စိုက်ပျိုးခဲ့ပါတယ်။ အခု စိုက်ပျိုးရေးသုတေသနခြံက ဆင်းကေရီ -၃ စပါးမျိုးသန့်ကို ကျွန်တော့်လယ်မြေမှာ စနစ်တကျစိုက်ခဲ့တာ အထွက်နှုန်းရော အရည်အသွေးရော ကောင်းတာရော ကိုယ်တွေ့ ဖြစ်ပါတယ်။ ပြီးတော့ စားလို့ကောင်းတဲ့ စပါးဖြစ်တာမို့ ဒေသနဲ့ သင့်လျော်ဆုံး ဖြစ်ပါတယ်လို့ ပြောချင်ပါတယ်။ အဓိကပြောချင်တာက **'မြေမှန် မျိုးမှန် စိုက်နည်းမှန်'**နဲ့ ကြိုးစားလုပ်ကိုင်ရင် မုချ စပါးအထွက်ကောင်းမှာ ဖြစ်ပါတယ်"လို့ စာရေးသူအား ရှင်းလင်းပြောပြသည်။

မိုးညှင်းမြို့နယ်၏ ၂၀၁၀-၂၀၁၁ ရေတော်မိုးတော် မိုးစပါးစိုက်ပျိုးလယ်မြေမှာ ဧက ၁၂၄၇၀၀ ရှိခဲ့ပြီး စပါးသီးနှံ အောင်မြင်မှုမှာ ၉၇၂၆၀၁၁ တင်း ထွက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးမှတ်တမ်းအရ သိရသည်။ ယခုကဲ့သို့ စိုက်ပျိုးရေးသုတေသနမှ ဒေသနှင့် ကိုက်ညီသော ဆင်းကေရီ-၃ စပါးမျိုးသန့်များကို မျိုးသန့်စံပြကျေးရွာများ ထူထောင်၍ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ စပါးမျိုးသန့်ပွားများမှ အဆင့်ဆင့် ဖော်ဆောင်ပေးခြင်းဖြင့် စပါးမျိုးသန့်လိုအပ်သော တောင်သူများ လက်ဝယ်သို့ ဖြည့်တင်းပေးနိုင်ပါလျှင် အနာဂတ်နိုင်ငံတော်တွင်လည်း မိုးညှင်းမြို့နယ်ကဲ့သို့ ဝမ်းစာစပါးဖူလုံပိုလျှံပြီး စပါးများ ဈေးကွက်ဝင်နေမည်သာ ဖြစ်ပါကြောင်း မှတ်တမ်းပြုရေးသားတင်ပြလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

မိုးညှင်းမြို့နယ်၌ အောင်မြင်ဖြစ်ထွန်းခဲ့သော ဆင်းကေရီ-၃ မျိုးသန့်စပါးများ။

ဖွံ့ဖြိုးစည်ပင် မြန်ပြည်တစ်ခွင်

နတ်မောက်မြို့နယ် မြို့မဈေးကြီး မီးဘေးကြိုတင်ကာကွယ်ရေးအတွက် အသိပညာပေးဆွေးနွေးပွဲကို ဖေဖော်ဝါရီ ၂၂ရက်က ကျင်းပရာ မြို့နယ်မီးသတ်ဦးစီးမှူး ဦးကိုကို ဆွေးနွေးစဉ်။ (မြို့နယ်စည်ပင်)

ထန်းတပင်မြို့နယ် အနောက်ပိုင်းတက္ကသိုလ်–အေးရွာလေး ကတ္တရာလမ်း ထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းကို ဖေဖော်ဝါရီ ၂၂ရက်က ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးကြည်တင် ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

သံဖြူဇရပ်မြို့နယ် ကော့လေးချောင်းကူးတံတားလမ်းပိုင်း လုပ်ငန်းဆောင်ရွက်မှုကို ဖေဖော်ဝါရီ ၂၅ ရက်က မွန်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအေးဆွေ ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးမြင့် ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

သရက်ချောင်းမြို့နယ် မြို့မရပ်ကွက် ဈေးလမ်း ကွန်ကရစ်တံတား တည်ဆောက်ထားရှိမှုကို ဖေဖော်ဝါရီ ၂၇ ရက်က မြို့နယ်ဥက္ကဋ္ဌ ဦးကျော်ခေါင်နှင့်အဖွဲ့ ကွင်းဆင်းစစ်ဆေးရာ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိနှင့် တာဝန်ခံအင်ဂျင်နီယာတို့ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ကချင်ပြည်နယ် စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီး ဦးဝင်းဗိုလ် မိုးညှင်းမြို့နယ် ပင်လုံကျေးရွာအဝင် (၂၀၀×၁၂×၁၆)ပေရှိ သစ်သားတံတား တည်ဆောက်ပြီးစီးမှုကို မတ် ၃ ရက်က ကွင်းဆင်းစစ်ဆေးရာ တာဝန်ခံအင်ဂျင်နီယာ ဦးဝင်းဦး ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် အလယ်တန်း ဆရာအတတ်သင်တန်းဆင်းပွဲနှင့် ပညာရေးဘွဲ့ရများအား အလုပ်ခန့်အပ်လွှာပေးအပ်ပွဲကျင်းပ

နေပြည်တော် မတ် ၈

ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ် အလယ်တန်းဆရာအတတ်သင်တန်း အမှတ်စဉ်(၂၀) သင်တန်းဆင်းပွဲနှင့်ပညာရေးဘွဲ့ လေးနှစ်သင်တန်း အမှတ်စဉ်(၄၂)မှ ဘွဲ့ရရှိသူများအား အလုပ်ခန့်အပ်လွှာ ပေးအပ်ပွဲ အခမ်းအနားကို မတ် ၄ ရက် မွန်းလွဲ ၁ နာရီက အဆိုပါတက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးရေးတက္ကသိုလ် ပါမောက္ခချုပ် ဦးဇော်မင်းသိန်း၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ ကိုယ်စားလှယ်များ၊ တက္ကသိုလ်ပညာရေးအဖွဲ့ဝင်များ၊ ဆရာ ဆရာမများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များ၊ သင်တန်းသား သင်တန်းသူများနှင့် ၄င်းတို့၏မိဘဆွေမျိုးများ တက်ရောက်ကြသည်။

ဖတ်ကြားတင်ပြ

ရှေးဦးစွာ ဒုတိယပါမောက္ခချုပ် (သင်ကြားရေး) ဦးငွေလွင်က အလယ်တန်းဆရာအတတ်သင်တန်း အမှတ်စဉ်(၂၀) နှင့် စပ်လျဉ်းသည့် အစီရင်ခံစာကို ဖတ်ကြားတင်ပြသည်။

ဆက်လက်၍ ပါမောက္ခချုပ် ဦးဇော်မင်းသိန်းက အလယ်တန်းဆရာအတတ်သင်တန်းဆင်း သင်တန်းသား သင်တန်းသူများအား သင်တန်းဆင်းလက်မှတ်ပေးအပ်ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်ကိုယ်စားလှယ်များက ပညာရေးဘွဲ့လေးနှစ်သင်တန်း အမှတ်စဉ်(၄၂) ဘွဲ့ရများအား အလုပ်ခန့်အပ်လွှာများကို ပေးအပ်သည်။

ထို့နောက် ပါမောက္ခချုပ် ဦးဇော်မင်းသိန်းက အလယ်တန်းဆရာအတတ်သင်တန်း အမှတ်စဉ်(၂၀) ထူးချွန်ဆု ရရှိသူများအား ဆုများချီးမြှင့်ကာ သင်တန်းဆင်းအမှာစကား ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပဲမျိုးစုံနှင့်နှမ်းကုန်သည်များအသင်း ဆိုင်းဘုတ်တင်ပွဲကျင်းပ

ညောင်တုန်း မတ် ၇

မြန်မာနိုင်ငံ ပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်း(ညောင်တုန်းမြို့နယ်) ဆိုင်းဘုတ်တင်ပွဲကို ဖေဖော်ဝါရီ ၁၀ ရက် နံနက် ၁၀ နာရီက ညောင်တုန်းမြို့နယ်ရှိ ပဲမျိုးစုံနှင့်နှမ်းကုန်သည်များအသင်းခွဲရုံး၌ ကျင်းပရာ **(အပေါ်ပုံ)** ညောင်တုန်းမြို့နယ်ဥက္ကဋ္ဌ ဦးခင်မင်းက ပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်း (ညောင်တုန်းမြို့နယ်)အသင်းခွဲဆိုင်းဘုတ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ဖွင့်ပွဲအပြီးတွင် မြန်မာ့လယ်ယာထွက်ကုန်ပစ္စည်းရောင်းဝယ်ရေး ခရိုင်မန်နေဂျာ ဦးတိုးလွင်၊ မြို့နယ်တာဝန်ခံ ဦးအောင်ငြိမ်း၊ ညောင်တုန်းမြို့နယ် ပဲမျိုးစုံနှင့် နှမ်းကုန်သည်များအသင်း ဥက္ကဋ္ဌ ဦးသန်းဝင်းတို့က အသင်းဝင်များနှင့်တွေ့ဆုံ၍ အသင်း၏ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးသည်။ **(ဝဇိရ)**

ဆင်ဖြူကျွန်းမြို့ ပြည်တော်သာရပ် အမက ပညာရည်ချွန်ဆုပေးပွဲနှင့် နှစ်ပတ်လည်အစည်းအဝေးကို ဖေဖော်ဝါရီ ၁၉ ရက်က ကျင်းပရာ ကျောင်းအုပ်ဆရာမကြီးက ကျောင်းသူတစ်ဦးအား ဆုချီးမြှင့်စဉ်။ (မြန်မာ့အလင်း)

မိုးကြိုဂုန်လျှော်/ချဉ်ပေါင်လျှော်စိုက်ပျိုးရန် ဝါးခယ်မ၌ စီမံကိန်းတာဝန်ပေးအပ်

ဝါးခယ်မ မတ် ၇

၂၀၁၁-၂၀၁၂ မြန်မာ့သီးနှံဖွံ့ဖြိုးရေးလုပ်ငန်း ဂုန်လျှော်နှင့်လျှော်မျှင်များ လုပ်ငန်းဌာန စီမံကိန်းတာဝန်ပေးအပ်ပွဲ အခမ်းအနားကို ဝါးခယ်မမြို့နယ် ရွှေခယ်သီရိအားကစားခန်းမ၌ ဖေဖော်ဝါရီ ၂၈ရက် နံနက် ၁၁နာရီက ကျင်းပရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးထွန်း၊ မြောင်းမြခရိုင် မန်နေဂျာ ဦးဖိုလ်သိန်းမော်၊ အတွင်းရေးမှူး ဦးတင်ဝင်း၊မြို့နယ်မန်နေဂျာ ဒေါ်ဥမ္မာအေးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျေးရွာ၊ ရပ်ကွက်ဥက္ကဋ္ဌများ တက်ရောက်ကြသည်။

ပေးအပ်

အခမ်းအနားတွင် စိုက်ပျိုးရန်ဧက ၁၉၃၀၀ကို နယ်မြေအလိုက် တာဝန်ပေးအပ်ရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးထွန်း**(အောက်ပုံ)**၊ ခရိုင်မန်နေဂျာ ဦးဖိုလ်သိန်းမော်၊ အတွင်းရေးမှူး ဦးတင်ဝင်းတို့က ပေးအပ်ခဲ့ကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

ရခိုင်သဟာယအသင်း(ရန်ကုန်) အပန်းဖြေခရီး ထွက်မည်

ရန်ကုန် မတ် ၈

ရခိုင်သဟာယအသင်း(ရန်ကုန်)က ဒေသန္တရလေ့လာရေးနှင့် အပန်းဖြေ နေ့ချင်းပြန်ခရီးစဉ်ကို မတ် ၂၇ ရက် (တနင်္ဂနွေနေ့) နံနက် ၆ နာရီခွဲတွင် ပြည်တွင်းရေကြောင်းပိုင် နှစ်ထပ်သင်္ဘောကြီးဖြင့် လမ်းသစ် ဆိပ်ခံဗောတံတားမှ ကျိုက်လတ်မြို့သို့ ထွက်ခွာမည်ဖြစ်သည်။

သင်္ဘောပေါ်တွင် ဖျော်ဖြေရေးအစီအစဉ်များပါရှိပြီး ရခိုင်ရိုးရာစားသောက်ဖွယ်ရာများကို ရောင်းချပေးမည်ဖြစ်ရာ ခရီးစဉ်တွင် လိုက်ပါလိုသူ ရခိုင်နွယ်ဖွားများနှင့် မိတ်ဆွေအပေါင်းအသင်းများသည် ဦးခင်မောင်စိုး ဖုန်း -၅၅၂၁၂၆၊ ဦးမျိုးဆွေ ဖုန်း -၀၉-၅၀၀၁၁၈၀၊ ဦးစိုးမြင့် (ခ) အဏ္ဏဝါစိုးမိုး ဖုန်း -၀၉-၅၁၆၆၄၁၂၊ ဦးထွန်းနိုင် ဖုန်း -၀၉-၈၅၁၀၄၀၀၊ ဦးဦးမြင့်ကျော် ဖုန်း -၀၉-၅၀၆၄၆၅၃၊ ဦးလှမောင်သိန်း ဖုန်း -၀၉-၅၁၃၉၇၉၀၊ ဦးသာမြကျော် ဖုန်း -၀၉-၅၁၅၅၄၁၉၊ ဦးကျော်မောင် ဖုန်း-၀၉-၅၀၇၂၉၈၉၊ ဦးသန်းထွန်း ဖုန်း -၀၉-၅၁၀၄၉၀၁၊ ဦးကျော်နိုင် ဖုန်း -၀၉-၅၀၆၁၈၈၄၊ ဒေါ်ခင်လှမြိုင် ဖုန်း -၀၉-၅၀၃၉၂၅၅၊ ဒေါ်စန်းစန်းအေး ဖုန်း-၀၉-၅၀၅၈၁၃၆နှင့် ရုံးဖုန်း -၄၃၀၁၇၂တို့ထံသို့ ဆက်သွယ်စုံစမ်းနိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ကျောက်ဆည်မြို့နယ် ဒွေးလှ အခြေခံပညာ အလယ်တန်းကျောင်းခွဲ၏ ၂၀၀၉-၂၀၁၀ ပညာသင်နှစ် ပညာရည်ချွန်ဆုပေးပွဲကို ဖေဖော်ဝါရီ ၁၀ ရက်က အဆိုပါကျောင်း၌ ကျင်းပရာ မြို့နယ်အဆင့် ထူးချွန်ဆုရရှိသော ကျောင်းသူတစ်ဦးအား ကျောင်းအုပ်ဆရာမကြီးက ဆုချီးမြှင့်စဉ်။

(ခရိုင် ပြန်/ဆက်)

မြို့နယ်သတင်းထွေတလာ

ကမ္ဘာလှည့်ခရီးသွားများအတွက် မြန်မာပြည်မြေပုံများ ဖြန့်ချိ

ရန်ကုန် မတ် ၈

ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း ပိုမိုအဆင်ပြေ တိုးတက်စေရေးအတွက် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်း ဝန်ကြီးဌာန၏ကြီးကြပ်မှုဖြင့် ထုတ်ဝေသောTourist Maps of Myanmar (TMM-26) ကို အခမဲ့ ထပ်မံဖြန့်ချိလိုက်ပြီဖြစ်သည်။

တိကျရှင်းလင်း

Tourist Maps of Myanmar (TMM-26)တွင် မြန်မာပြည်အသေးစိတ်မြေပုံ၊ ရန်ကုန်တစ်မြို့လုံးမြေပုံ၊မန္တလေးမြေပုံ၊ ပြင်ဦးလွင်မြေပုံ၊ ပုဂံမြေပုံ၊ မြောက်ဦးမြေပုံ၊ တောင်ကြီးအသေးစိတ်မြေပုံ၊ အင်းလေးမြေပုံ၊ ကျိုက်ထီးရိုးမြေပုံ၊ ငပလီမြေပုံ၊ ငွေဆောင်မြေပုံ၊ ချောင်းသာမြေပုံ၊ မြိတ်မြေပုံတို့ကို မွမ်းမံထည့်သွင်းထားသည်။ ပြည်တွင်းလေကြောင်းလိုင်းများ၊ ဟိုတယ်၊ စားသောက်ဆိုင်များ၊ ခရီးသွားလုပ်ငန်းများ၏ တည်နေရာကို တိကျရှင်းလင်းစွာ ဖော်ပြထားသည်။ နိုင်ငံခြားခရီးသွားများသာမက မြန်မာနိုင်ငံသားများအနေဖြင့် ထိုခရီးသွားလမ်းညွှန်မြေပုံများ၏ အကူအညီနှင့် မြန်မာနိုင်ငံတွင်းရှိ စိတ်ဝင်စားဖွယ်ရာနေရာများသို့ အချိန်ကုန်သက်သာစွာဖြင့် လေ့လာနိုင်မည်ဖြစ်သည်။

ပေးပို့သွားမည်

မြန်မာနိုင်ငံသို့ ရောက်ရှိလာသော ကမ္ဘာလှည့်ခရီးသွားများ လွယ်လင့်တကူသုံးစွဲနိုင်ရန် အဆိုပါမြေပုံများကို လေဆိပ်မှစ၍ ပြည်တွင်းရှိ ဟိုတယ်များ၊ စားသောက်ဆိုင်များ၊ NGO များ၊ သံရုံးနှင့်နိုင်ငံတကာအဖွဲ့အစည်းများသို့သာမက ယခုအကြိမ်တွင် နိုင်ငံတကာရှိ မြန်မာသံရုံးများသို့ ဟိုတယ်နှင့်ခရီးသွားလာရေးလုပ်ငန်းဝန်ကြီးဌာနက ကြီးကြပ်ပေးပို့သွားမည်ဖြစ်သည်။

ထုတ်ယူနိုင်

အဆိုပါ လမ်းညွှန်မြေပုံများကို ဟိုတယ်၊ ခရီးသွားလုပ်ငန်းနှင့်သက်ဆိုင်သောလုပ်ငန်းများ၊ ဧည့်လမ်းညွှန်များသည် ကုမ္ပဏီအမှတ်တံဆိပ်ပါ ကိုယ်စားလှယ်လွှဲစာပြသ၍ မြန်မာ့ခရီးသွားလုပ်ငန်း(ဆူးလေ)၌ လည်းကောင်း၊ D. P. S မြေပုံထုတ်ဝေရေး အမှတ် ၁၆၅- ၁၆၇ (ပထမထပ်) ၃၅ လမ်း ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း - ၉၅-၁၂၀၄၀၂၀၊ ၀၉-၅၀၃၀၇၇ နှင့် ဖက်စ်-၉၅၁-၂၄၅၂၃၀ တို့၌လည်းကောင်း ရုံးချိန်အတွင်း အခမဲ့ လာရောက်ထုတ်ယူနိုင်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

အကြိမ်(၁၀၀)မြောက် သွေးလှူဒါန်း

ရန်ကုန် မတ် ၈

ရန်ကုန်မြို့ တာမွေမြို့နယ် ယုဇနပလာဇာ အနောက်ဘက်တန်း မြေညီထပ် ဝင်ပေါက်(၁၆)၊Q-18, R-20 နန်းဦးဝေ ပိုးထည်ဆိုင်မှ ဦးစန်းမောင်မြင့်(စောယွမ်း-ကန့်ဘလူ) (လူမှုထူးချွန်-ပထမဆင့်) **(ယာပုံ)** သည် မတ် ၁ ရက်က အမျိုးသားသွေးဌာန၌ စေတနာအလျောက် အကြိမ်(၁၀၀)မြောက် သွေးလှူဒါန်း ခဲ့ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

ရထားပို့ဆောင်ရေးဝန်ကြီးဌာန
မြန်မာ့မီးရထား
ချိပ်ပိတ်တင်ဒါ(Sealed Tender)ခေါ်ယူခြင်း

၁။ မြန်မာ့မီးရထား ရန်ကုန်ဘူတာကြီး၊ မန္တလေးဘူတာကြီး၊ မော်လမြိုင်ဘူတာကြီးနှင့် တိုးကြောင်ကလေးဘူတာတို့တွင် သန့်ရှင်းရေးလုပ်ငန်းများကို လုပ်ငန်းအပ်နှံဆောင်ရွက်လိုပါသဖြင့် ချိပ်ပိတ်တင်ဒါများပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

တင်ဒါပိတ်မည့်ရက်/အချိန် - ၂၂-၃-၂၀၁၁ရက်(အင်္ဂါနေ့) မွန်းတည့် ၁၂ နာရီ

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် ၇-၃-၂၀၁၁ရက်မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကိုသိရှိလိုပါက ၎င်းဌာနသို့ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ပါသည်။

ဒုတိယအထွေထွေမန်နေဂျာ ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား
ကုန်သည်လမ်းနှင့်သိမ်ဖြူလမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း-၂၉၄၃၅၂၊ ၂၉၁၉၉၄။



ပြည်မြို့ လေးဆူဓာတ်ပျော် ရွှေဆံတော်စေတီတော်မြတ်ကြီး စေတီတော်မြတ်ကြီးနှင့် အရန်စေတီတော်များ လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူခြင်း (တတိယအကြိမ်)အလှူတော်ငွေပေးအပ်ပွဲ

ပြည်မြို့ လေးဆူဓာတ်ပျော် ရွှေဆံတော်စေတီတော်မြတ်ကြီး စေတီတော်မြတ်ကြီးနှင့် အရန်စေတီတော်များ လုံးတော်ပြည့် ရွှေသင်္ကန်းကပ်လှူခြင်း (တတိယအကြိမ်) အလှူတော်ငွေ ပေးအပ်ပွဲအခမ်းအနားကို အောက်ဖော်ပြပါ အစီအစဉ်အတိုင်း ကျင်းပပြုလုပ်မည်ဖြစ်ပါ၍ အလှူရှင်များ ကြွရောက်ပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်။

ကျင်းပမည့်ရက် - ၁၃၇၂ခုနှစ် တပေါင်းလဆန်း ၁၂ ရက် ၁၆-၃-၂၀၁၁ရက်(ဗုဒ္ဓဟူးနေ့)

ကျင်းပမည့်အချိန် - နံနက် ၇း၃၀နာရီတွင်ဧည့်ခံ၊ နံနက် ၈း၃၀နာရီတွင် နေရာယူပြီး နံနက် ၉နာရီတွင် အခမ်းအနား စပါမည်။

ကျင်းပမည့်နေရာ - ရွှေဆံတော်စေတီတော်မြတ်ကြီးရင်ပြင်တော်၊ ကျားပုံမကောက်မွှာရုံ

မှတ်ချက်။ ။ ဖိတ်စာများလည်း ပေးပို့ထားပါသည်။ ဖိတ်စာမရလျှင်လည်း ကြွရောက်ကြပါရန်။

ဂေါပကအဖွဲ့။

ချို
အိမ်အရောက်
ထမင်းချိုင့်ပို့ဆောင်ရေး
ဖုန်း-၀၉-၅၁၂၀၈၈၀။

ကားရောင်းမည်

Nissan Super Saloon 90 Model၊ မီးခိုးရောင် လ/၃---၊ အမည်ပေါက်၊ အိမ်စီးကားသန့်၊ ကျပ်သိန်း ၁၇၀၊ ပွဲစားမလို၊

ဖုန်း-၃၇၈၇၉၃၊၀၉-၅၁၇၀၃၄၃။

ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၄၊ မြေကွက်အမှတ် ၄၄၉/ခ၊ မြေကွက်တည်နေရာအမှတ် (၄၄၉/ခ)၊ သုတ ၂ လမ်း၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် ဒေါ်မြနု အမည်ပေါက် နှစ်၆၀ ဂရန်မြေအား အမည်ပေါက် ဒေါ်မြနုနှင့် ခင်ပွန်းဦးသိန်းအောင် ကွယ်လွန်သဖြင့် ဒေါ်သန်းသန်းအေး ၁၂/ဥကတ(နိုင်)၀၄၄၁၆၇၊ ဦးသက်ထွေး ၁၂/ဥကတ(နိုင်)၀၄၃၇၃၂၊ ဒေါ်မြင့်မြင့်စန်း ၁၂/ဥကတ(နိုင်)၁၃၇၆၇၀ တို့က သားသမီးများတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန်နှင့် အရောင်းအဝယ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ။

ကွာရှင်းပြတ်စဲခြင်း

ကျွန်မ မအေးမြတ်မွန် ၁၂/သလန (နိုင်)၀၀၇၄၁၃၊ မြို့မဈေး၊ သန်လျင်နှင့် ကိုသိန်းထွန်းဦး ၁၂/သကတ(နိုင်) ၀၀၀၇၄၆(ညောင်တန်း အဏ္ဏဝါဆိပ်ကမ်း)တို့သည် ၄-၃-၂၀၁၁ရက်တွင် တရားဝင်ကွာရှင်းပြီးဖြစ်ပါ၍ ကျွန်မနှင့်တကွ သားဖြစ်သူ မောင်လူမော်ဦးတို့သည် ၎င်းနှင့် လုံးဝသက်ဆိုင်ခြင်း မရှိပါကြောင်း။ **မအေးမြတ်မွန်(သန်လျင်)။**





ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၈၊ မြေကွက်အမှတ် ၉၄၊ မြေကွက် တည်နေရာအမှတ် (၁၀၈/က)၊ ၂လမ်း၊ (၈)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် ဦးတင်မြိုင်အမည်ပေါက် နှစ် ၆၀ ဂရန်မြေအား အမည်ပေါက်ထံမှ အရောင်းအဝယ်စာချုပ် ၉၅၆/၉၈ / ၃၀-၃-၉၈ ဖြင့် အစိတ်အပိုင်းပေ (၂၀×၈၀)ကိုဝယ်ယူခဲ့သူ ဦးမောင်ဝင်း ကွယ်လွန်သဖြင့် ဒေါ်လီဖီလင်(ခ)ဒေါ်မြတ်မွန် ၁၂/ကတတ(နိုင်)၀၂၃၉၉၀ က တစ်ဦးတည်းသောဇနီးတော်စပ်ကြောင်း ကျမ်းကျိန်လွှာတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်ရန်နှင့် မြေကွက်ခွဲစိတ်ရန် မြေပုံကူးလျှောက်ထားလာရာ ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ။

ယာဉ်မှတ်ပုံတင်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် မရ/၆၆၈၄၉ယာဉ် လက်ဝယ်ရှိသူ ဦးအွန်လျှန်းမုန် ၅/ကလထ(နိုင်)၀၁၈၉၀၈က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန (ခရိုင်ရုံး)၊ ကလေး။



သွေးသည် အသက်

ပုဂံစာအုပ်တိုက်မှ စာအုပ်များ ထုတ်ဝေဖြန့်ချိ

ရန်ကုန် မတ် ၈

ပုဂံစာအုပ်တိုက်မှ ဆင်ဖြူကျွန်းအောင်သိန်း၏ စံ၀ မိမေး(၂)၀တ္ထုတိုများ၊ မင်းကျော်၏ကျော်ဆွေ၊ မြတ်ငြိမ်း (မြန်မာပြန်) မေတ္တာသည်သာ၊ ဇင်အောင်၏ မုဆိုးရွတ် ပေတလူ တောလုံးဆူ **(အပေါ်ယာပုံ)**နှင့် မောင်ခင်မင် (ဓနုဖြူ)၏ ရင်ထဲမှာ လင်းလက်နေဆဲ ပန်းချီကားစာအုပ်များကို ထုတ်ဝေဖြန့်ချိလိုက်ကြောင်း သိရှိရသည်။

ဆင်ဖြူကျွန်းအောင်သိန်း၏ စံ၀ မိမေး(၂)၀တ္ထုတိုများတွင် ဝတ္ထုတို(၁၃)ပုဒ်ကို ဆရာကြီး၏လက်ရာများအတိုင်း စိတ်ဝင်စားဖွယ် ဖတ်ရှုရမည်ဖြစ်ပြီး မင်းကျော်၏ ခွေးညိုနောက်ဆက်တွဲ စာအုပ်ဖြစ်သော မင်းကျော်၏ ကျော်ဆွေစာအုပ်မှာ သုညတွင်အခြေခံခဲ့သော လူမမည်ဘဝမှ ကျောင်းဆရာလုပ်ရင်း၊ ဝတ္ထုရေးရင်း၊ ကျောက်စာကူးရင်း၊ တက္ကသိုလ်ပညာသင်ယူခဲ့သော မင်းကျော်၏ဝတ္ထုဟန် ကိုယ်တိုင်ရေးအတ္ထုပ္ပတ္တိစာအုပ်ဖြစ်သည်။

မြတ်ငြိမ်း၏ မေတ္တာသည်သာ စာအုပ်မှာ ERIC LOMAX' S

LONG JOURNEY by Poul Ehrlich နှင့် A LOVE BORN OF HATE by David Moller စာအုပ်များကို ဘာသာပြန်ဆိုထားခြင်း ဖြစ်ပြီး ဇင်အောင်အမည်ဖြင့် ဆရာကြီး ဆင်ဖြူကျွန်းအောင်သိန်း၏ မုဆိုးရွတ် ပေတလူ တောလုံးဆူ ဟာသဝတ္ထုရှည်ကြီးကိုလည်း ရွှင်မြူးဖွယ်ဖတ်ရှုကြရမည်ဖြစ်ကာ မောင်ခင်မင် (ဓနုဖြူ)၏ ရင်ထဲမှာလင်းလက်နေဆဲ ပန်းချီကားများ စာအုပ်မှာ ကျူတာပေါက်စအဖြစ်မှ ပါမောက္ခဘဝအထိ တက္ကသိုလ်တွင် သင်ကြားပို့ချရင်း တပည့်များ၊ လုပ်ဖော် ကိုင်ဖက်များနှင့် အတွေ့အကြုံများကို ဆက်စပ်ပုံဖော်ထားသော စာအုပ်ဖြစ်သည်။

အဆိုပါစာအုပ်များကို ပုဂံစာအုပ်တိုက် အမှတ်(၄) အေ(၅) ရန်ကင်းစင်တာ ဆရာစံလမ်း ရန်ကုန်မြို့ ဖုန်း- ၀၉-၅၁၁၀၀၃၈ နှင့် ၀၁-၅၄၄၃၂၁ တို့ထံသို့ ဆက်သွယ်မှာယူနိုင်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

လယ်ယာသန်းခေါင်စာရင်းကောက်ယူမှု မအူပင်မြို့နယ်၌ ကွင်းဆင်းစစ်ဆေး

မအူပင် မတ် ၇

၂၀၁၀ခုနှစ် လယ်ယာသန်းခေါင်စာရင်း နမူနာကောက်ယူခြင်း လုပ်ငန်းကို မအူပင်မြို့နယ် အလန်းကျေးရွာအုပ်စု အလန်းကျေးရွာ၌ ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၂၄ ရက် နံနက် ၁၀ နာရီက လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန(ရုံးချုပ်)မှ ညွှန်ကြားရေးမှူး ဦးစောလှိုင်(မြေတိုင်း၊ ပုံနှိပ်)၊ ဧရာဝတီတိုင်းဒေသကြီး မြေစာရင်းဦးစီးဌာန ဒုတိယတိုင်းမြေစာရင်း ဦးစီးဌာနမှူး ဦးအုန်းမြင့်၊ မအူပင်ခရိုင် မြေစာရင်း ဦးစီးဌာနမှူး ဦးကျော်မြင့်နှင့် မြို့နယ်မြေစာရင်းဦးစီးဌာနမှူး ဦးတင်ဝင်းတို့က ကွင်းဆင်းစစ်ဆေးခဲ့ကြကြောင်း သိရှိရသည်။**(အောက်ပုံ)** **(မြန်မာ့အလင်း)**

စာအုပ်စာပေ လူ့မိတ်ဆွေ

သျှောင်ရှေ့မြို့နယ် နန်းပန်ရပ်ကွက် စက်ရေတွင်းတည်ဆောက်ပြီးစီးမှုကို ဇန်နဝါရီ ၁၅ရက်က ရှမ်းပြည်နယ်(တောင်ပိုင်း) စည်ပင်သာယာရေးအဖွဲ့ ဒုတိယအင်ဂျင်နီယာမှူးကြီးဦးစိုးသန်း ကြည့်ရှုစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးကျော်ဇင်နှင့်တာဝန်ခံအင်ဂျင်နီယာ ဦးသန်းနိုင်တို့ ရှင်းလင်းတင်ပြစဉ်။ (၀၂၁)

စာကြည့်တိုက်သစ် ကျိုက်မရောဖွင့်

ကျိုက်မရော မတ် ၇

မွန်ပြည်နယ် ကျိုက်မရောမြို့နယ် ပိန်းနဲကုန်းကျေးရွာအုပ်စု သိမ်ဖြူကုန်းကျေးရွာတွင် နိုင်ငံတော်မတည်ငွေနှင့် ပြည်သူများထည့်ဝင်ငွေကျပ် ၁၇၈၂၆၁၆ ဖြင့် ဆောက်လုပ်ပြီးစီးသည့် ပညာဗိမာန်စာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားကို ဖေဖော်ဝါရီ ၁၉ရက် နံနက် ၉နာရီက ကျင်းပရာ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်လှလှဦး၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဦးကျော်မျိုးလတ်နှင့် ကျေးရွာရပ်မိရပ်ဖ ဦးချစ်ဆွေတို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြသည်။

ထို့နောက် မြို့နယ်ဦးစီးမှူး ဒေါ်ခင်မြင့်စီက စာကြည့်တိုက်ရေရှည်တည်တံ့ခိုင်မြဲရေးကို ရှင်းလင်းပြောကြားပြီး တက်ရောက်လာကြသော အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာ ပေးအပ်ခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

■ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
■ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
■ ဆူပူအကြမ်းဖက်မှုကို မလိုလား။
■ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ-
ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ
လေလှိုင်းသံ လူသတ်သမား-
နားမယောင်လေနဲ့ သတိထား။

မြန်မာ့ကျောက်စိမ်းသည် ကမ္ဘာပေါ်၌ ပြိုင်ဘက်ကင်း ရှားပါးမှုဝင့်ကြွားဖွယ်အကောင်းဆုံးအရည်အသွေးပိုင်ဆိုင်ထား

◆ သတင်းဆောင်းပါး - တင်ထွေး(သတင်းစဉ်)
◆ ဓာတ်ပုံမှတ်တမ်း - ကိုထွေး

နေပြည်တော် မတ် ၈

'ဘုရားပေးသော ကျောက်တုံး' ကျောက်လောကသားတစ်ဦးထံမှ အမှတ်တမဲ့ကြားလိုက်ရသောစကား····။ သို့သော်လည်း အမှတ်ထင်ထင် ဖြစ်ခဲ့ရသည်။ မှန်ပါသည်။ အကောင်းဆုံးအရည်အသွေးရှိသည့် ကျောက်စိမ်းကို ကမ္ဘာပေါ်တွင် မြန်မာနိုင်ငံ၌သာ တွေ့ရှိရခြင်းဖြစ်၍ ဘုရားပေးသော ကျောက်တုံးဟု တင်စားပြောဆိုခြင်းမှာ ဆီလျော်လှပေသည်။

အကောင်းဆုံးအရည်အသွေး

မြန်မာ့ရတနာများထဲမှ ကျောက်စိမ်းရတနာအကြောင်းကို ထဲထဲဝင်ဝင် လေ့လာဖြစ်သောအခါတွင် ဘုရားပေးသော ကျောက်တုံးဆိုသည်ကို ပို၍လက်ခံနားလည်သဘောပေါက်လာပါလိမ့်မည်။ မြန်မာ့ကျောက်စိမ်း၏ ထင်ရှားကျော်ကြားမှုသည် မြန်မာနိုင်ငံကို ကမ္ဘာက သိစေသည့် အချက်တစ်ချက်ပင်ဖြစ်သည်။ မြန်မာနိုင်ငံသားတို့အတွက် ကျောက်စိမ်းရတနာသည် ဂုဏ်ယူဝင့်ကြွားဖွယ် ဂုဏ်ဒြပ်တစ်ခုပင်ဖြစ်သည်။ မြန်မာ့ကျောက်စိမ်းသည် ကမ္ဘာပေါ်တွင် ပြိုင်ဘက်မရှိ အကောင်းဆုံးအရည်အသွေးကို ပိုင်ဆိုင်ထားသည်ဟု အားလုံးက အသိအမှတ်ပြု လက်ခံထားကြပြီးဖြစ်သည်။

စာမျက်နှာ ၈ ကော်လံ ၁ ✻

၂၀၁၀ ခုနှစ် နှစ်လယ်မြန်မာ့ကျောက်မျက်ရတနာ ပြပွဲတွင် ပြည်ပရတနာကုန်သည်များ ကျောက်စိမ်းအတွဲများကို စိတ်ဝင်တစားကြည့်ရှုလေ့လာခဲ့ကြစဉ်။